မြန်မာ့အလင်း

၁၂၇၅ ခုနှစ်-ကတည်းထောင်သည်။
Established 1914

၁၃ဝ၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၃၉)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံ့ဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံ့ဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးကို ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၃ ■

မြန်မာ့တိုင်းရင်းဆေးပညာ၏ ကြွယ်ဝပြည့်စုံသော မူလအနှစ်သာရနှင့် အဆီအနှစ်များကို ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်မြှင့်တင်

နိုင်ငံတကာသို့ ထွန်းပေါက်ကျော်စောလာအောင် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်စွာဖြင့် မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ဂုဏ်သိက္ခာမြင့်မားရေးဟူသော မွန်မြတ်သည့်ဦးတည်ချက်များဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် ဒဿမအကြိမ်သို့တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကမ္ဘာ့နိုင်ငံများသည် ရိုးရာတိုင်းရင်းဆေးဝါးများကို စိတ်ဝင်တစားထုတ်လုပ်လာလျက်ရှိ မြန်မာ့တိုင်းရင်းဆေးဝါးများ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် သုတေသနလုပ်ငန်းများ တိုးချဲ့

သမားတော်များ သုတေသနလုပ်ငန်းတွင် ပူးပေါင်းပြီး ကုထုံးသစ်၊ ဆေးဝါးသစ်များ တီထွင်ကြံဆ

နေပြည်တော် နိုဝင်ဘာ ၇

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်ဥနာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ခုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ ✻

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အသံ

အယ်ဒီတာ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၈ရက်)

အပူပိုင်းဒေသများ ရေရရှိရေး ကြိုးပမ်းဆောင်ရွက် သဘာဝအခြေအနေများ လျှော့ပါးအားဖြင့် တိတ်ဆိတ်ကြံဆအသုံးချဖော်ဆောင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းကြီးသုံးခုဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်နယ်နှင့်တိုင်းများတွင် အကြားအလပ်မရှိ ဖော်ဆောင်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်တွင်ပါဝင်သည့် ကျေးလက်ဒေသရေ တိုင်းရင်းသားပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၀)နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသည် စည်ပင်သာယာရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အပူပိုင်းရေနှံ ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း၏နောက်ဆုံးအကြိမ်ဆွေးနွေးပွဲနှင့် စီမံကိန်းပြီးဆုံးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၇ရက်က နေပြည်တော်ရှိ သင်္ကတမြို့ကျင်းပခဲ့သည်။

ယင်းစီမံကိန်းတွင် JICA မှ ကျွမ်းကျင်ပညာရှင် ၁၀ ဦးတို့နှင့် စီမံကိန်းဖြိုးမြှင့်သုံးဖြိုးမြှင့်အတွင်း စက်ရေတွင်းသစ် ၂၀ တူးဖော်ပေးခြင်းနှင့် စက်ရေတွင်းဟောင်း ၄၀တို့အား ပြုပြင်ပေးခဲ့ပြီး စက်ရေတွင်းများရေရှည်တည်တံ့စေရေးတို့အတွက် လက်ရှိစက်ရေတွင်းများ ကိုင်တွယ်ထိန်းသိမ်းခြင်း သင်တန်းကို ကျေးရွာပြည်သူများနှင့် စည်ပင်သာယာရေးဝန်ထမ်းများအား သင်ကြားခဲ့သည်။

ယင်းသင်တန်းကို ၂၀၀၆ခုနှစ် နိုဝင်ဘာလမှ ၂၀၀၉ခုနှစ် အောက်တိုဘာလအထိ စာတွေ့လက်တွေ့ သင်တန်းပေးခဲ့ပြီး ကျေးရွာ ၂၀တွင် စက်ရေတွင်းသစ် ၂၀ တူးဖော်ပေးခဲ့၍ လူဦးရေ ၁၃၉၀နှင့် ကျေးရွာ ၄၀တွင် စက်ရေတွင်းဟောင်း ၄၀ ပြုပြင်ပေးနိုင်ခဲ့၍ လူဦးရေ ၄၀၅၇၁ဦးတို့အား အကျိုးပြုနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရေရှားပါးသော၊ ရေခက်ခဲသောအပူပိုင်းဒေသများတွင် ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး ထိုသို့အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို အကျိုးရှိစွာအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်လျှင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း စိုက်ပျိုးရေးအပါအဝင် သဘာဝအခြေအနေများကို လူ့စွမ်းအားဖြင့် တန်ဖိုးထားမြင့်တင်ပြီး တိတ်ဆိတ်ကြံဆအသုံးချ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ကြီးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဗြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြောက်ဥက္ကလာ အမဂ(၁၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြောက်ဥက္ကလာပ (၈)ရပ်ကွက် အမဂ(၁၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနေ့) မနက်လွဲ ၁ နာရီတွင် (၈)ရပ်ကွက် ဘုန္တာလမ်းမကြီးရှိ အလက(၈)၌ ကျင်းပရန်စီစဉ်ထားသည်။

၁၉၆၁ခုနှစ်မှ ၁၉၈၁ခုနှစ် ပညာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီးဦးလှသိန်းနှင့် ဆရာကြီး ဆရာမကြီးများ ဣရောက် အပေခေါ်ခံ ပါရန်နှင့် လုံးဝအဆက်အသွယ်မရသေးသည့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်၏။ မရသည်ဖြစ်စေ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကိုယိန်ဝင်း ဖုန်း-၀၁-၆၉၉၀၄၇၊ ကိုတင်ကျော် ဖုန်း ၀၉-၂၀-၃၃၃၂၆၊ ဒေါ်ဌေးဌေးဝင်း အလက(၈) ဖုန်း-၀၁-၆၉၉၂၇၉၊ ကိုတင်ထွန်းဆောင် ဖုန်း-၀၁-၆၉၉၁၁၇၄နှင့် ကိုဇော်မင်းလွင် ဖုန်း-၀၁-၆၉၉၀၉၇ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (မြန်မာ့အသံ)

ကနေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
(၉-၁၁-၂၀၀၉)

ဂုဏ်ပေး အဖွဲ့တီးလုံး+နွားခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
ဂုဏ်၅ တရားတော်
ဓမ္မသုတ်
ဓမ္မမှာစကားပေးသော
ဂုဏ်၁ (၃၈)ဗြာမဂီလာ
ဂုဏ်၅ နံနက်ခင်းတေးပေးသော
၈၃၀ စံတော်ချိန် + သတင်း
၈၃၀ နံနက်ခင်းတေးပေးသော
၉၃၀ အစီအစဉ်ပြီး၏။

၁၀၃၀ အမှတ်တရတေးလက်ဆောင်
၁၀၃၀ သတင်းစာအာဘော်
၁၀၃၅ တေးပေသော
၁၀၃၅ လယ်ယာစီးပွား(ဈေးကွက်ဝင် အချိန်ကိုက် ကြက်သွန်နီဂ်)
၁၀၄၅ တေးသီချင်း
၁၁၃၀ ဆေးလိပ်ခင်းသတင်း
၁၁၃၀ ဓမ္မတိုတွက်တာ အလုကမ္မာ (ဖိုမေဘိုသုရဲ့ မပြီးသေး ဆွဲဆောင်မှု ရှိရမယ်)
၁၁၂၀ နေ့လယ်ခင်းတေးပေသော
၁၁၃၀ သိပ္ပံပညာသီကောင်းစရာ (ဓာတုဗေဒသိပ္ပံပညာရပ်)
၁၁၄၀ တေးပေသော
၁၂၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၁၃)
၁၂၁၅ အလုပ်အကိုင်အခွင့်အလမ်း (ဘဏ္ဍာအရွန်-ဦးစီး/ရှိ) တေးပေသော
၁၂၃၀ အားကစားသတင်းပေသော
၁၂၅၀ နေ့လယ်ခင်းတေးပေသော
၁၃၀၀ မွန်းလွဲပိုင်းသတင်း
၁၃၁၀ ပညာရေးအစီအစဉ် (တတိယတန်း-စာရိတ္တနှင့်ပြည်သူ့နိုင်ဘ) တေးပေသော
၁၃၃၀ အစီအစဉ်ပြီး၏။

၁၆၀၀ အဖွဲ့တီးလုံး+ကြေညာချက် ညနေခင်းတေးပေသော
၁၆၂၀ ဆောင်းပါး
၁၆၃၀ သောတရင်လိုရာတေး
၁၇၀၀ သမ်ရွမ်းကျန်းမာကိုယ်နေထိုင် (နံနက်စာစားသုံးသည့် အလေ့အထ ယဉ်ကျေးမှု)
၁၇၀၅ ဈာန်ညစ်သည် တေးမန်းချီ
၁၇၂၅ သတင်းစာဆောင်းပါး
၁၇၃၀ ညနေခင်းတေးပေသော
၁၈၀၀ ညနေခင်းသတင်း
၁၈၁၀ တေးချစ်သူရွေးသီ တေးမန်းချီ တေးပေသော
၁၉၃၀ ခေါင်ဝတ္ထုသတင်း
၁၉၃၀ ရေဒီယိုအတိတ် တေးအရိပ် နိုင်ငံရေးဦးတည်ချက် ပြန်းပေသော (ချစ်ရွန်းလွိန်+၂)
၁၉၄၀ တေးပေသော
၂၀၀၀ ပြည်တွင်းသတင်း
၂၀၂၀ ချစ်မေြသာယာ သီရိဂေဟာ (အကယ်ခမ်းရဲ့ဆောင်တွဲမိသာနေ) စီးပွားရေးဦးတည်ချက်
၂၀၃၀ တေးပေသော
၂၁၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁၁၅ ခံစားချက်ဆင် မြန်မာတေးသစ်ဉ် တေးပေသော
၂၂၀၀ အစီအစဉ်ပြီး၏။

ဖျာပုံမြို့ အထက(၃) အာစရိယပူဇော်ပွဲ

ဖျာပုံ နိုဝင်ဘာ ၇

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင် ကရင်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၆ရက် ညနေနာနာရီတွင် ဖျာပုံမြို့ (၈)ရပ်ကွက် အထက(၃)ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည်ရန်ကုန်မြို့တွင် ဦးအောင်ဦး ဖုန်း-၅၆၃၁၇၆၊ ဒေါက်တာရီရီမြ ဖုန်း- ၅၇၂၁၄၇၊ ဆရာကြီးနော်ကစိတီ (အမက-၁ ၁၇) ဖုန်း-၃၈၄၄၂၊ ဒေါ်စမ်းစမ်းမော် ဖုန်း-၅၁၁၈၄၈၊ ဖျာပုံမြို့တွင် ဒေါ်စန်းယဉ် (ရွှေခြေသွက်နိုးတိုက်) ဖုန်း-၀၄၅-၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး (ရေနေ) ဖုန်း-၀၄၅-၄၀၂၃၂၊ ဒေါ်မူမူရွှေ (အထက်တန်းပြ အထက-၁) ဖုန်း-၀၄၅-၄၀၀၁၈၊ ဒေါ်သန်းသန်း၀င်း (သန်းသန်းထမင်းဆိုင်)၊ ဦးဆော်လတ် ဖုန်း-၀၄၅-၄၀၇၇၅၅၊ ဦးလှိင်မျိုးဆော် ဖုန်း-၀၄၅-၄၀၉၈၇ဦးဟိန်းဧရယင်(ပိစိကွန်ယျုဘာ) ဖုန်း- ၀၉-၈၅၉-၁၉၆၃၊ ဦးမောင်မောင်မြင့် (ရေနေ) ဖုန်း-၀၉-၈၅၉-၀၁၁၉၉နှင့် သုဓာဓယ် ဖုန်း-၀၄၅-၄၁၀၆ဝတို့သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရသည်။ (၁၃၈)

ပြည်ပတိုးမြင့်သံကြား

၈-၁၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

ဂုဏ်၀ ၁။ မြတ်တီအဖွင့်
ဂုဏ်၅ ၂။ တရားတော်
ဂုဏ်၁ ၃။ ဓမ္မပူဇာတေး
ဂုဏ်၂ ၄။ မျိုးချစ်တပ်တော်
ဂုဏ်၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
ဂုဏ်၃ ၆။ မြန်မာသစ်ဉ်ချိန်းသင်
ဂုဏ်၄၅ ၇။ **မြန်မာရိုးရာယဉ်ကျေးမှု အဆိုးအကားအရေးအတီး ပြိုင်ပွဲအစီအစဉ်**
ဂုဏ်၅ ၈။ သာယာသီကြွေ ဆော်ဆန်းတေး
ဂုဏ်၅၅ ၉။ အမျိုးသားရေးတေးကဗျာ
ဧ၀၀ ၁၀။ မြတ်တီ၀ါမြင်သံကြားသတင်း
ဧ၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁၃၀ ၁။ မြတ်တီအဖွင့်
၁၁၃၅ ၂။ အဖွင့်သီချင်း
၁၁၃၀ ၃။ မျိုးချစ်တပ်တော်
၁၁၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရပ်မိမိ** (အပိုင်း-၂၂)
၁၂၀၀ ၅။ မြတ်တီ၀ါမြင်ပေါ်ကရုပ်ရှင် **ချီချင့်ချစ်သူ**
၁၃၃၀ ၆။ ကျန်းမာသုတ
၁၃၄၅ ၇။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲဆောင်**(အပိုင်း-၄၀)

ညပိုင်း

၄၃၀ ၁။ မြတ်တီအဖွင့်
၄၃၅ ၂။ အဖွင့်သီချင်း
၄၃၀ ၃။ မျိုးချစ်တပ်တော်
၄၂၂ ၄။ ချိမြလက်သီ ငြိမ့်ညောင်းဟန်
၄၃၀ ၅။ မြန်မာသစ်ဉ်ချိန်းသင်
၄၄၅ ၆။ သာယာသီကြွေ ဆော်ဆန်းတေး
၅၂၀ ၇။ သံစဉ်များနင့်ကဗျာ
၆၃၀ ၈။ မြတ်တီ၀ါမြင်သံကြားသတင်း
၆၃၀ ၉။ အမျိုးသားရေးတေးကဗျာ
၆၂၅ ၁၀။ လျှပ်တစ်ပြက်
၆၃၀ ၁၁။ ဘာဝကြေးမုံ **လျှာနဲ့သွား** သရဝ်ဆောင်- ထွန်းထွန်းဝင်း၊ ခင်စိုးပိုင် [ဒါရိုက်တာ-Seven(IC)]
၆၄၅ ၁၂။ ဂင်းမက်စ် စံချိန်တင်ပြိုင်ပွဲများ
၇၀၀ ၁၃။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **မွေးင်ရဲ့** (အပိုင်း-၇)
ဧ၀၀ ၁၄။ မြတ်တီ၀ါမြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပမာဏီနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယဆရဉ်အတွက်မြတ်တီ၏ တေးလက်ဆောင်
၂၁။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောဆရာ**(အပိုင်း-၂၂)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နေပြည်တော်လယ်ဝေးမြို့နယ် မူလတန်းကြိုကျောင်း ဘက်စုံပြင်ဆင်ရန် ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လျှောက်ထား

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဒီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၄ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများလှူဒါန်းသည်။

ပေးအပ်

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မူလတန်းကြိုကျောင်း ဘက်စုံပြင်ပြင် နိုင်ရန်အတွက် အလှူငွေကျပ် ၂၄၁၈၀၀၀ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌထံ ပေးအပ်သည်။

ပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာရေးစောင့်ရှောက်မှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာ ခေါ်စန္ဒာဆောင်က မူလတန်းကြိုကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လျှောက်ဒါန်းပြီး ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးခေါ်တာဝင်တင်းက ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ သိကောင်းစရာများကို အခမ်းအနားသို့ တက်ရောက်လာသော မိဘများအား ပညာပေးပြောကြားကာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား မြန့်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မူကြိုကလေးငယ်များအား နေ့လယ်ခင်း အာဟာရမုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ဆန်ကုန်စည်ဖိုင် အမှတ် ၁၀၀၄ ဆန်ရောင်းဝယ်သူများ အလှူရှင်အဖွဲ့မှ ဒဲဝုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အပေးပြေးလမ်းကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မှန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၆၇၀၀၀၀ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းသားတော်ကြီး ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အထူးဝေါဟာရ ပဟာန်ဒ်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူး ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ရက် မှ ၁၇ရက်အထိ ရန်ကုန်တိုင်း ဗဟန်း မြို့နယ် စက်မှု(၁)ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်း ခြောက်ခုမှ ထုတ်ကုန် ပစ္စည်းများကို အရောင်းဆိုင်ခန်းများ ဖွင့်လှစ်၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗြောက်ဥက္ကလာ အမဂ(၁၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗြောက်ဥက္ကလာပ (၈)ရပ်ကွက် အမဂ(၁၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၃ရက် (တနင်္ဂနေ့) မနက်လွဲ ၁ နာရီတွင် (၈)ရပ်ကွက် ဘုန္တာလမ်းမကြီးရှိ အလက(၈)၌ ကျင်းပရန်စီစဉ်ထားသည်။

၁၉۶၁ခုနှစ်မှ ၁၉၈၁ခုနှစ် ပညာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီးဦးလှသိန်းနှင့် ဆရာကြီး ဆရာမကြီးများ ဣရောက် အပေခေါ်ခံ ပါရန်နှင့် လုံးဝအဆက်အသွယ်မရသေးသည့် ဆရာ ဆရာမများ ဖိတ်စာရသည်ဖြစ်၏။ မရသည်ဖြစ်စေ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ကိုယိန်ဝင်း ဖုန်း-၀၁-၆၉၉ဝ၄၇၊ ကိုတင်ကျော် ဖုန်း ၀၉-၂၀-၃၃၃၂၆၊ ဒေါ်ဌေးဌေးဝင်း အလက(၈) ဖုန်း-၀၁-၆၉၉၂၇၉၊ ကိုတင်ထွန်းဆောင် ဖုန်း-၀၁-၆၉၉၁၁၇၄နှင့် ကိုဇော်မင်းလွင် ဖုန်း-၀၁-၆၉၉၀၉၇ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (မြန်မာ့အသံ)

ဖျာပုံမြို့ အထက(၃) အာစရိယပူဇော်ပွဲ

ဖျာပုံ နိုဝင်ဘာ ၇

ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယခင် ကရင်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၆ရက် ညနေနာနာရီတွင် ဖျာပုံမြို့ (၈)ရပ်ကွက် အထက(၃)ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည်ရန်ကုန်မြို့တွင် ဦးအောင်ဦး ဖုန်း-၅၆၃၁၇၆၊ ဒေါက်တာရီရီမြ ဖုန်း- ၅၇၂၁၄၇၊ ဆရာကြီးနော်ကစိတီ (အမက-၁ ၁၇) ဖုန်း-၃၈၄၄၂၊ ဒေါ်စမ်းစမ်းမော် ဖုန်း-၅၁၁၈၄၈၊ ဖျာပုံမြို့တွင် ဒေါ်စန်းယဉ် (ရွှေခြေသွက်နိုးတိုက်) ဖုန်း-၀၄၅-၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး (ရေနေ) ဖုန်း-၀၄၅-၄၀၂၃၂၊ ဒေါ်မူမူရွှေ (အထက်တန်းပြ အထက-၁) ဖုန်း-၀၄၅-၄၀၀၁၈၊ ဒေါ်သန်းသန်း၀င်း (သန်းသန်းထမင်းဆိုင်)၊ ဦးဆော်လတ် ဖုန်း-၀၄၅-၄၀၇၇၅၅၊ ဦးလှိင်မျိုးဆော် ဖုန်း-၀၄၅-၄၀၉၈၇ဦးဟိန်းဧရယင်(ပိစိကွန်ယျုဘာ) ဖုန်း- ၀၉-၈၅၉-၁၉၆၃၊ ဦးမောင်မောင်မြင့် (ရေနေ) ဖုန်း-၀၉-၈၅၉-၀၁၁၉၉နှင့် သုဓာဓယ် ဖုန်း-၀၄၅-၄၁၀၆ဝတို့သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရသည်။ (၁၃၈)

မြန်မာ့တိုင်းရင်းဆေးပညာသည် မူလပင်ကိုသဘာဝအားဖြင့် အစဉ်အလာကြီးမား၍ အစွမ်းထက်သော အမျိုးသားရေးဂုဏ်ဒြပ် ဆေးပညာရပ်တစ်ခုဖြစ်

● ရှေ့ဖုံးမှ

ဝိုင်းဝန်းကြံဆောင်

ဤသို့ မွန်မြတ်သော အစဉ်အလာကောင်းများနှင့်အညီ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံလျက် ပညာမျှဝေ ဆွေးနွေးဖလှယ်ကြသည့် မဂ်လာအခါသမယတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ အားလုံး နလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ နိုင်ငံတကာသို့တိုင် ကျယ်ပြန့်စွာပျံ့နှံ့ရောက်ရှိစေရေးအတွက် စိတ်ဓာတုကိုယ်မျှ ဝိုင်းဝန်းကြံဆောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွဲ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းရေးမှာ မရှိမဖြစ်သော အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ယင်းလိုအပ်ချက်အရ မြန်မာနိုင်ငံတွင် လူငယ်ရေအများဆုံးနေထိုင်ကြသည့် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်းပါးသော အစွန်အဖျားဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ လွှမ်းခြုံပေးနိုင်စေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများ စနစ်တကျ ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ပညာရပ်အဆီအနှစ်၊ ကုသမှုစွမ်းရည်နှင့် အစွမ်းအာနိသင် ထိရောက်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများ၏ အခန်းကဏ္ဍသည် အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။

အောင်မြင်ဖြစ်ထွန်း

မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ စတင်ကျင်းပခဲ့သည့်အချိန်မှစ၍ ဆယ်စုနှစ်တစ်ခု ကာလအတွင်း မြန်မာ့တိုင်းရင်းဆေးလောကတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်မြင့်မားစွာ အောင်မြင်ဖြစ်ထွန်းလာသည်မှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး တက်ညီလက်ညီ စုစည်းကျစ်လျစ်ခိုင်မာစွာ ပေါင်းစည်းကြိုးပမ်းမှုများကြောင့်ရရှိလာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ပါသည်။

နှစ်စဉ်ကျင်းပသော မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံတွင် ညှိနှိုင်း ဆွေးနွေးဖလှယ်ခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် ရလဒ်များကို ပြည်သူ့ကျန်းမာရေး အကျိုးပြုလုပ်ငန်းများဖြစ်သည့် ရောဂါကာကွယ်ကုသနိမ်နင်းရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ အရည်အသွေးမီ ဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးရေးစသည့် နယ်ပယ်များတွင် ပြန်လည်အသုံးချနိုင်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍအတွက် များစွာ အကျိုးကျေးဇူးဖြစ်ထွန်းလျက် ရှိသည်ကိုလည်း တွေ့မြင်နေကြရမည်ဖြစ်ပါသည်။

အခြေခိုင်မာ

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်းသမိုင်းစဉ်တစ်လျှောက် မြန်မာ့ရာသီဥတု၊ ရေမြေ တောတောင်သဘာဝ၊ မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော ထီးနန်းသုံးတော်ဝင်အမျိုးသားဆေးပညာဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် အနောက်တိုင်းဆေးပညာ မပေါ်ပေါက်မီ ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ပင် ကျန်းမာရေးစောင့်ရှောက်ခဲ့ယူကာ ကျန်းမာအသက်ရှည်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် လက်ရုံးရည်၊ နှလုံးရည်ထက်မြက်မြင့်မားသော လူမျိုးအဖြစ် ကမ္ဘာကအသိအမှတ်ပြုကြရသည်အထိ ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအတွင်း သဘာဝအလျောက် ပေါများစွာဖြစ်ထွန်းတည်ရှိနေသော သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် အဖိုးတန်ပရဒေးပင်များ၊ ရေထွက်၊ မြေထွက်နှင့်တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းများကို ပညာကုံလုံကြွယ်ဝသော မြန်မာ့တိုင်းရင်းဆေးသမားတော်များက ကျန်းမာရေးအတွက် ဆေးဝါးများဖော်ထုတ် သုံးစွဲလျက်ရှိပါသည်။ ယင်းသဘာဝအရင်းအမြစ်များ မပျောက်ပျက်စေရန်နှင့် ရေရှည်တည်တံ့နေစေရန်အတွက်လည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မြန်မာ့တိုင်းရင်းဆေး သမားတော်များအားလုံးတွင် တာဝန်ရှိပါသည်။

အားထုတ်ကြိုးပမ်း

မြန်မာ့တိုင်းရင်းဆေးပညာသည် မူလပင်ကိုသဘာဝအားဖြင့် အစဉ်အလာကြီးမား၍ အစွမ်းထက်သော အမျိုးသားရေးဂုဏ်ဒြပ် ဆေးပညာရပ်တစ်ခုဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ၏ ကြွယ်ဝပြည့်စုံသော မူလအနှစ်သာရနှင့် အဆီအနှစ်များကို အရိုးပေါ်အရွက်မဖုံးစေဘဲ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြုဖော်ထုတ်ဖြင့်တင်လျက် နိုင်ငံတကာမျက်နှာစာသို့တိုင် ထွန်းပေါက်ကျော်စောသာစေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကတစ်ဆင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး၏ မွန်မြတ်မှန်ကန်သည့် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအား မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုစည်းညီညွတ်သော စွမ်းပကားဖြင့် အောင်မြင်ဖြစ်ထွန်းအောင် စွမ်းဆောင်ပေးနိုင်ကြပါစေ၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံသော မြန်မာ့တိုင်းရင်းဆေးပညာ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ပြီး နိုင်ငံတကာ အလယ် ဝင့်ထည်စေရအောင် ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅၁၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်ပေါ်ဦးတော်+မရိတ်နိုဒါန်း၊ မင်္ဂလာသုတ်
- ၅၂၅ MRTV-4 သတင်း
- ၆၀၀ **ဓေါသမခြစ်ပါရစေနဲ့**၊ တရားတော် (သီတဂူဆရာတော် ဓေါကိတာအရှင်ဥာဏ်သရ)
- ၇၃၀ MRTV-4 သတင်း
- ၇၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈၃၀ MRTV-4 ရပ်သံဓာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၄)
- ၈၃၀ Sports World (Sunday Special)
- ၈၃၅ နွစ်စဉ်မပျက် နွဲလို့ဟော် ဖြိုးရွှေဆည်ရဲ့ ဆင်ဂျျပွဲတော်
- ၈၅၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ကရင်ငါးရံ့ ဆန့်ပြုတ်၊ ဘောစကိုင်း ဖျစ်နည်ပါ၊ အသားဖတ်ထောင်း)
- ၉၂၀ Sports World (Sunday Special)
- ၆၃၀ MRTV-4 သတင်း
- ၆၄၂ ဓေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝစ်တာခင်ညို)
- ၁၁၀ **ဓေါသမခြစ်ပါရစေနဲ့**၊ တရားတော် (သီတဂူဆရာတော် ဓေါကိတာအရှင်ဥာဏ်သရ)
- ၂၂၀ MRTV-4 သတင်း
- ၂၂၄ စကားနှယ်နန်း (ပိုက်ဆံရှိတာကောင်းတယ်၊ ပိုက်ဆံမရှိတာကောင်းတယ်)
- ၃ရ၅ အဖိုးတန်ဆေးဇကပ်ခင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
- ၃ရ၅ ရနံကုန်မြင်ကွင်းကျယ် (MK Fashion Show)
- ၄၁၀ **ဒီမနပ်ခ်ရလပ်ခ်** နွစ်စဉ်မပျက် နွဲလို့ဟော် ဖြိုးရွှေဆည်ရဲ့ ဆင်ဂျျပွဲတော်
- ၄ရ၅ နွစ်စဉ်မပျက် နွဲလို့ဟော် ဖြိုးရွှေဆည်ရဲ့ ဆင်ဂျျပွဲတော်
- ၄ရ၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ကရင်ငါးရံ့ ဆန့်ပြုတ်၊ ဘောစကိုင်း ဖျစ်နည်ပါ၊ အသားဖတ်ထောင်း)
- ၅၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဒီနပ်ခ်ရလပ်ခ်**
- ၅ရ၅ Sunday Talk [ပါမောက္ခဓေါကိတာ အောင်ထွန်းသက်၊ ကိုကိုရီ(စကိမ့်တာဏ္ဍသိုင်း)]
- ၁၁၃၅ ဓေတ်ပြိုင်ဂီတမှတ်တိုင်များ (ဝစ်တာခင်ညို)
- ၁၁၃၀ ကိုယ်ပန်းဆောင်မိခင်ကျန်းမာရေး (ဓေါကိတာခင်မောင်လွင်၊ ဓေါကိတာသီဂီမြင့်၊ သရုပ်ဆောင် မောကျာ)
- ၁၂၂၀ ခြေခြေခြစ်မြစ် နှစ်နှစ်ကကာ ချစ်တဲ့ကာလပေါ်တောအရသာ (ဂီတရိပ်သာ-၈)
- ၁၂၄၀ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးနိုင်တင်၊ ဓေါတင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၆ရ၅ ရေးဝယ်လမ်းညွှန် (Glory ၄ွေ့ရောက်)
- ၇၃၀ ဒီဒီယိုမြန်မာ
- ၇၂၂ FMF Selection
- ၇၃၅ ရနံကုန်မြင်ကွင်းကျယ် (MK Fashion Show)
- ၈၃၀ MRTV-4 သတင်း
- ၈၃၀ စကားနှယ်နန်း (ပိုက်ဆံရှိတာကောင်းတယ်၊ ပိုက်ဆံမရှိတာကောင်းတယ်)
- ၉၂၂ Barclays Premier League (West Ham Vs Everton)
- ၁၁:၂၅ MRTV-4 ရပ်သံဓာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၄)
- ၁ရ:၅၅ ခြေခြေခြစ်မြစ်နှစ်နှစ်ကကာ ချစ်တဲ့ကာလပေါ်တောအရသာ (ဂီတရိပ်သာ-၈)
- ၁၂:၀ အရိုးကို အရက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
- ၁၂:၂၅ ဇနီးရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ ကောင်ပေါ်လက်ဖက်နှတ်သစ်ရက် **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးနိုင်တင်၊ ဓေါတင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၁:၂၀ ကောင်ပေါ်လက်ဖက်နှတ်သစ်ရက် **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးနိုင်တင်၊ ဓေါတင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၁:၂၅ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရနံကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF ဒီဂျီဇင်တင်နေဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF ဒီဂျီဇင်တင်နေဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညဦး:	ပွဲစဉ်	ပြသမည့်ဌာန
၇:၅၅	Hull City-Stoke City	ESPN(Live)
၉:၂၅	West Ham- Everton	Star Sports (Live)
၁၀:၂၅	Chelsea-Man Utd	ESPN(Live)
၁၁:၃၀	Wigan-Fulham	Star Sports(SDD)

မိုးရာသီဘက်ချေးငွေ ကောက်ခံရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

စစ်ကိုင်း နိုဝင်ဘာ ၇

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်ကိုင်း တိုင်း၏ ၂၀၀၉ခုနှစ် မိုးရာသီဘက်ချေးငွေ ကောက်ခံရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မုံရွာမြို့ တိုင်းဘဏ်ခွဲ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ရက် မွန်းတည့် ၁၂နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွင်းက ထုတ်ချေးထားသော ချေးငွေများကို ပြန်လည်ကောက်ခံရာတွင် အလွဲသုံးစားမရှိစေဘဲ စနစ်တကျ အချိန်မီ ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိရန် လိုအပ်ကြောင်းနှင့် ချေးငွေပြန်လည်ကောက်ခံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

၂၀၀၉ခုနှစ် မိုးရာသီဘက်ချေးငွေကို စစ်ကိုင်းတိုင်းအတွင်း မြို့နယ် ၃၂မြို့နယ်၊ ကျေးရွာဘက် ၁၂၅၁ဘက်က တောင်သူလယ်သမား ၁၈၉၇၂ဦးသို့ စိုက်ဧက ၁၀၆ခုရှ၅ ဧကအတွက် ချေးငွေသိန်းပေါင်း ၉၀၃၉၇၁သမျှဝေကျပ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(မန္တလေး/ကိုယ်မွား)

ဗလားပါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၄၅)ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၇

ယခုအပတ်ထုတ် ဗလားပါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၄၅)၌ မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်သော ခြေလှမ်းသစ်တင်ရန် ပြင်ဆင်နေဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးပြော၊ ပြည်တွင်းခရီးစဉ်များအတွက် မြန်မာ့လေကြောင်းပိုင်လေယာဉ်များ စင်းလုံးဒုံးနိုင်ပြီ၊ ပြည်တွင်း ရောသနဲ့အရင်းအမြစ်များ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာ၊ ငါးကျပ်တန် ဒွေစက္ကူဟောင်းလေးကြောင့် ကျပ်သိန်းတစ်ရာမိုး ရွှေထည်ပစ္စည်းဈေးမပေါ်၊ မြန်မာ့ဒြက္ခဒိန်တွက်ချက်မှုအရ သင်္ကြန်နောက်ဆုတ်ခြင်းသာဖြစ်မိပြီး သက္ကရာဇ်ဖြိုခြင်းမဟုတ်ဟုသိရ၊ အာရှတိုက်ရှိ ရေကြောင်းတက္ကသိုလ်များတွင် သင်ကြားနေသော ဘာသာရပ်များအားလုံး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် သင်ကြားနိုင်ရန် စီစဉ်သည့် ပြည်တွင်းရေးရာ သတင်းများနှင့် အတူ ဆရာတင်မိုး၏ **သမ္မိုင်းကုန်းမှာ Myanmar Channel**၊ ဆရာသာဥာဏ်၏ ခရီးသွားခြင်းကွင်း **'ချင်းတောင်တန်းပေါ်မှ တန်ဖိုးဖဖြတ်နိုင်သော ရတနာသိုက်ကြီး တစ်ခု' Myanmar DISCOVERY**၊ ချိုအိမ်၏ အယ်ဒီတာထံပေးစာ **'စောဘာမှ နှင့် အကြင်နာတရား လေ့ကျင်းကုန်ပြီလား'**၊ ဆယ်ညပ်ခံဆရာ ကိုကျော်ဆောင်းပြော သော **'အခြေခံစာစပ်မြစ်မှာ ဘာမှမရှိကောချင်းတူရင်တောင် လုပ်ကိုင်မှုနှင့် အထွေးအခေါ် အလိုက် တန်ဖိုးတစ်ခုကို ရနေကြစွာပါပဲ'** သူ၁ဝ သူ၁သေ၄၊ အမျိုးသားနေ့ကို ဦးဒုတ်ဘုကျော် **'အောက်ကျမခံဘူး အမျိုးသားတို့ရေ'**၊ **ဖုန်းအသုံးပြုသောအခါ သတိပြုစရာ'** ကဲ့သို့သော မှတ်စရာဖတ်စရာ ဆောင်းပါးများ ဓလေဆောဆာဖြင့် ယနေ့ထွက်ရှိလာဖြိုမြစ်သည်။

'ကျွန်တော်တို့က အဖြေတမ်းဆိုသလို စည်းအပြင်ကလူ' ဂျိမ်းစ်မားဒေါ့နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ ကြေညာမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့် အတူ မျိုးရိုးဗီဇအရ လူသားအားလုံး ဆွေမျိုးတော်စပ်နေတယ်တဲ့လား၊ အကြမ်းဖက်သမားတို့နဲ့ ပတ်သက်၍ ဟီလာရီကလင်တန်က ပါကစ္စတန်အရိုးရှေးအား အပြစ်တင်၊ ဘင်လားခေ့ရှ်တွင် တောင်းရမ်းစားသောကိသူများ ဇနီတစ်ခုဖန်ဘီးမည်၊ အလုပ်ရှင်သူဌေးများ ကျန်းမာရေးပိုထိခိုက်စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ ဗီးဗွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် **e-Empire Media House** မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဗင်နီဇွဲလားနယ်စပ်တပ်များ တိုးမြှင့်ဖြန့်ကြက်ထား

ကရာကတ်စ် နိုဝင်ဘာ ၇

အမြဲတမ်းမဟုတ်သော ကိုလံဘီယာတပ်ဖွဲ့များ ကျူးကျော်သည်ဟု ဗင်နီဇွဲလားနိုင်ငံက စွပ်စွဲပြောဆိုနေစဉ် ဗင်နီဇွဲလားနိုင်ငံရှိ ပြည်နယ်ခြောက်နှသို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၅၀၀ကျော်ကို ထပ်မံပို့လွှတ်လိုက်ကြောင်း ဗင်နီဇွဲလားနိုင်ငံက နိုဝင်ဘာ ၅ရက်တွင် ကြေညာသည်။

ထိုအမျိုးသား အစောင့်တပ်ဖွဲ့ဝင်များကို ဗင်နီဇွဲလားနိုင်ငံ၏ တောင်ပိုင်းပြည်နယ်များဖြစ်သော အဓေနုန်နှာ၊ အာမူဝါနှင့်ဘိုလီဗာ ပြည်နယ်များသို့လည်းကောင်း၊ အနောက်တောင်ပိုင်း ပြည်နယ်များ ဖြစ်သော ဘာရီနာ၊ တာချီရာနှင့် ဒွီလာပြည်နယ်များသို့လည်း ကောင်း တိုးမြှင့်တပ်ဖြန့်ချသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလား ဒုတိယသမ္မတနှင့် ကာကွယ်ရေးဝန်ကြီး ရာမွန်ဂါရီဇာလက်က သတင်းထောက်များသို့ နိုဝင်ဘာ ၅ရက်တွင် ပြောကြားသည်။

(အင်တာနက်)

ဟွန်ဒါမော်တော်ကားပြပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ဟွန်ဒါမော်တော်ကားပြပွဲတွင် လာရောက်ကြည့်ရှုနေသူများကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မလေးရှားနိုင်ငံ ဆာဘာပြည်နယ် ကိုတာကင်ဘာလူမြို့ရှိ လမ်းမပေါ်၌ ကားတစ်စီးတိမ်းမောက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ် အပူပိုင်းမုန်တိုင်းကြောင့် သစ်ပင်ပေါ် သုံးညနှစ်ရက် နေခဲ့ရသူ

ဟနွိုင်း နိုဝင်ဘာ ၇

ဗီယက်နမ်မိန်းမတွင် ဝီရိရနေအပူပိုင်း မုန်တိုင်းကျရောက်သဖြင့် ရေလျှံရာက ရေကောင်းကောင်းမကူးတတ်သည့် အသက် (၆၉) နှစ်အရွယ် လုံခြုံရေးအစောင့်တစ်ဦးသည် သစ်ပင်တစ်ပင်ပေါ်သို့ အပြေးတက်ပြီး သုံးညနှင့် နှစ်ရက်ကြာ တွယ်ဖက်နေထိုင်ခဲ့ရသည်ဟု ဆိုသည်။

ကယ်တင်နိုင်

ယင်းသို့ သုံးညနှင့်နှစ်ရက်နေထိုင်ခဲ့သူမှာ ဖန်ကောင်ချဖြစ်ကြောင်း၊ စစ်ရဟတ်ယာဉ်တစ်စင်းက နိုဝင်ဘာ ၅ရက်တွင် ၄င်းထံရောက်ရှိလာပြီး ကယ်တင်နိုင်ကြောင်း၊ ထိုအပူပိုင်း မုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ၁၀၈ဦးထက် မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့၌ နှင်းမုန်တိုင်းကျ ရောက်ပြီးနောက် ဆီးနှင်းများထူထပ်စွာ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်ကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာကြီးပူနွေးမှု ကိုင်တွယ်ဖြေရှင်းရေး ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်ဆောင်ရွက်သင့်

နယူးဒေလီ နိုဝင်ဘာ ၇

ဖန်လုံအိမ်အမှိုသင်္ချိုရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်လာကြောင်း၊ ကမ္ဘာ့ပူနွေးမှု လျှော့ချရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်နေကြောင်း၊ ကမ္ဘာကြီးကိုပူနွေးစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ ၅၁ရာခိုင်နှုန်းကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း ဆွီဒင်ဝန်ကြီးချုပ် ဖရက်ဒစ်ရိန်းဖီးက နယူးဒေလီသို့ ရောက်ရှိစဉ် ပြောကြားလိုက်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ရာသီဥတုပြောင်းလဲမှုကို ချမ်းသာသောနိုင်ငံများကသာ ဖြေရှင်းရမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ စီးပွားရေးအုပ်စုများအဖြစ် ပေါ်ထွက်လာသည့် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ဘရာဇီး၊ တောင်အာဖရိကနှင့် မဏ္ဍိုင်ကိုနိုင်ငံများသည်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

အမိအင်နိန်အေအိုပီဘီ-အိုင်

မလေးရှား-ဥရောပဖိုရမ်

ကွာလာလမ်ပူ၌ ကျင်းပမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၇

မလေးရှား-ဥရောပဖိုရမ်ဆွေးနွေးပွဲ (အမ်အီးအက်ဖ်)ကို မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇက်က နိုဝင်ဘာ ၁၂ရက်တွင် ကွာလာလမ်ပူမြို့၌ စတင်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဖိုရမ်ဆွေးနွေးပွဲ၏ အဓိကလိုရင်းအချက်မှာ မလေးရှား-ဥရောပသမဂ္ဂ (အီးယု)ဆက်ဆံရေး ခေတ်သစ်ဆီသို့ဟူသော ဦးတည်ချက်ပင် ဖြစ်သည်။

(အင်တာနက်)

အင်ဒိုနီးရှားအရာရှိ ယူနီဖီးလ်အကြီးအကဲအဖြစ် လျှာထား

ဂျကာတာ နိုဝင်ဘာ ၇

ကုလသမဂ္ဂ လက်ဘဏ္ဍနဲ့ဆိုင်ရာ ဗြိမ်းချမ်းရေးတပ်ဖွဲ့ (ယူနီဖီးလ်)မှ မဟာဗျူဟာ စစ်ဆင်ရေးတပ်ဖွဲ့ (အက်စ်အမ်စီ) အကြီးအကဲအဖြစ် အင်ဒိုနီးရှား စစ်ဘက်အရာရှိကြီးတစ်ဦးကို တာဝန်ပေးအပ်ရန် ကုလသမဂ္ဂက လျှာထားသည်ဟု အင်ဒိုနီးရှား တပ်မှူး ဒီဂျိုကိုဆန်တိစ်က ထုတ်ဖော်ပြောကြားသည်။

ယင်းသို့တာဝန်ပေးအပ်ခြင်းသည် နိုင်ငံတကာရေးရာတွင် အင်ဒိုနီးရှား တပ်မတော်၏ဖွံ့မတ်ရည်ကို နိုင်ငံတကာက ယုံကြည်လေးစားမှု ပြသရာရောက်သည်ဟု ဒီဂျိုကိုက ပြောကြားလိုက်သည်။

(အင်တာနက်)

အရပ်သားများသေဆုံးမှု နေတိုးအဖွဲ့အား ကန့်ကွက်ဆန္ဒပြ

ကတ္တားလ် နိုဝင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခိုလိုပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သော တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၅ရက်တွင် စည်းကမ်းမဲ့ စစ်ဆင်ရေးတစ်ရပ်ဆင်ခဲ့သဖြင့် အရပ်သားများသေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ပြည်သူရာဝေါင်းများစွာတို့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ပိတ်ဆို့

နိုဝင်ဘာ ၅ရက်နံနက်ပိုင်းတွင် လူ ၅၀၀ခန့် လမ်းပေါ်ထွက်လာပြီး ခိုစ်နှင့်ဂါဒက်မြို့ကို ဆက်သွယ်သည့်လမ်းကြီးကို ပိတ်ဆို့လိုက်ကြသည်။ ထို့နောက် အပြစ်မဲ့ပြည်သူများအားသက်ဖြတ်မှုနှင့် ပတ်သက်၍ တရားမျှတမှုရရှိအောင် အရေးယူပေးရန် အာဖဂန်နစ္စတန်အစိုးရအား တောင်းဆိုကြသည်ဟု လူမျိုးစုအကြီးအကဲ ဟက်ဗီဂုဂ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယူးယောက်မြို့တော် ရဲမှူးကြီးဟောင်း အဂတိလိုက်စားမှုဖြင့် အပြစ်ရှိကြောင်းဝန်ခံ

နယူးယောက် နိုဝင်ဘာ ၇

နယူးယောက်မြို့တော် ရဲမှူးကြီးဟောင်း ဘားနပ်ကဲရစ်က အမေရိကန်သမ္မတ အိမ်ဖြူအရာရှိများအား လိမ်ညာပြောဆိုမှုနှင့် ထောင်ဒဏ်သုံးနှစ်အထိ ကျခံနိုင်သည့်အမှု၌ အခွန်ရှောင်တိမ်းမှုစွဲချက်များနှင့် ပတ်သက်၍ သူ့တွင်အပြစ်ရှိကြောင်း နိုဝင်ဘာ ၅ ရက်က ဝန်ခံလိုက်သည်။

မစ္စတာကဲရစ် (၅၄)နှစ်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၁ရက်က နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနကို အကြမ်းဖက်တိုက်ခိုက်ခံရစဉ် မြို့တော်ရဲမှူးကြီး အဖြစ် ထိုစဉ်က မြို့တော်ဝန်ရုံးဒီဝှင်လီယာနီနှင့်အတူ တာဝန်ရှိသူတစ်ဦး ဖြစ်သည်။

ဂိုဏ်းဒွဲ့ အကြမ်းဖက်မှုနှင့် အဆက်အသွယ်ရှိသည်ဟု သံသယရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီကို မြို့တော်၏ ကန်ထရိုက်လုပ်ငန်းများရရှိအောင် ကူညီကာ အဂတိလိုက်စားခဲ့ကြောင်း သူကဝန်ခံသည်။

ပြိုကွဲပျက်စီး

၂၀၀၄ ခုနှစ်တွင် ၄င်းအား အမေရိကန်ပြည်ထောင်စု ဥပဒေ ပုဒ်မ ၁ အရ ထောင်ဒဏ် ၁ နှစ်ကျခံခိုင်းခဲ့ပြီးနောက် ဥပဒေ ပုဒ်မ ၂ အရ ထောင်ဒဏ် ၃ နှစ်ကျခံခိုင်းခဲ့ကြောင်း သူကဝန်ခံသည်။

စတင်စစ်ဆေး

အမှုမစွဲချက်ရှင်ခဲကို ကျူးလွန်ကြောင်း ၄င်းကဝန်ခံသည်။ အဂတိလိုက်စားမှုကို လာမည့်ရက်သတ္တပတ်တွင် စတင်စစ်ဆေးမည်ဖြစ်ပြီး ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် အနှစ် ၃၀အထိ ကျခံရမည်ပင်ရှိသည်။

အမိအင်နိန်အေအိုရက်တာ

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆိုက်ပရပ်စ်တွင် နစ်နိုင်ငံကိစ္စဆွေးနွေး

နီကိုးရှား နိုဝင်ဘာ ၇

ဆိုက်ပရပ်စ်နိုင်ငံသို့ လာရောက်လည်ပတ်နေသော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေဒီလက်ဗရော့သည် ဆိုက်ပရပ်စ်အစိုးရနှင့် နိုဝင်ဘာ ၄ရက်က တွေ့ဆုံဆွေးနွေးကြောင်း၊ ယင်းသို့ဆွေးနွေးရာတွင် ဒေသတွင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များအပြင် ရေရှည်ဖြစ်ပွားနေသော ဆိုက်ပရပ်စ်ပြဿနာများကို အဓိကထား ဆွေးနွေးကြသည်။

ယင်းကဲ့သို့ ဆွေးနွေးကြရာတွင် အီရက်နှင့် အီရန်ဗျုကလီးယား အစီအစဉ်နှင့် အခြားသောဆိုင်ရာပြဿနာများကို လည်း ဆွေးနွေးကြသည်။

အမ်အင်နိန်အေဆင်ဟွာ

ဂန့်ဂေါ-ဟားခါးလမ်းပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရောက်ခြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်နိုး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟန်းပိုင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် စိုင်ခူးကျေးရွာရှိ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ လက်တွေ့စာသင်ခန်းကို ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ဂန့်ဂေါ-ဟားခါးလမ်းပိုင်း အခြေအနေ၊ ချင်းပြည်နယ်သစ်တောဦးစီးဌာန၏ ဘုံးနဲ့ကြီးပြင်ကာကွယ်ကော ကျွန်း စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဟားခါးမြို့နယ် ဘုံးနဲ့ရွာ၌ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဂန့်ဂေါ- ဟားခါး လမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ကျေးရွာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာအတွက် အားကစား ပစ္စည်းများနှင့် စာအုပ် စာစောင်များကို ပေးအပ်သည်။

မြို့ဖွံ့ဖြိုးတိုးတက်မှု

ထို့မှတ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မိုင်တိုင်အမှတ် (၂၅)သို့ ရောက်ရှိပြီး လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေပြည်ကျေးရွာ နွားနောက်မွေးမြူရေးခြံ၌ နွားနောက်များ မွေးမြူထားရှိမှု နှင့် ဟားခါးမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟားခါးမြို့နယ် မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူ များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

လက်ဖက်ပြခန်း

ထို့နောက် ဟားခါးမြို့နယ် ဈေးသစ် ရပ်ကွက်ရှိ ပြည်နယ်လက်ဖက်ပြခန်း၌ ပြသထားသည့် လက်ဖက်မျိုးများနှင့် လက်ဖက်ခြောက်နမူနာများကို ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျောဘုတ်ရပ်ကွက် ကျောဘုတ်စိုက်မျိုးရေးခြံ၌ လက်ဖက်စိုက်ခင်း၊ လက်ဖက်မျိုးပင်များ၊ အခြားသီးနှံ စစ်သပ်စိုက်ခင်းများနှင့် လက်ဖက်ခြောက် စက်ရုံအတွင်း လက်ဖက်ခြောက် ပြုလုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောဘုတ်ရပ်ကွက် ရှိ မိုးဟိန်းလက်ဖက်စိုက်ခင်းနှင့် လက်ဖက် ခြောက်နမူနာများကို ကြည့်ရှုစစ်ဆေးပြီး နွားနောက်မွေးမြူရေးခြံအတွင်း နွားနောက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မရေးကြီးအတွင်း ဈေးများ တည်ခင်းရောင်းချခြင်းနှင့်သန့်ရှင်းသပ်ရပ်မှုကို ကရင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူးဦးဆောင်ကျော်မင်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းစိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဂန့်ဂေါ-ဟားခါး လမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဂန့်ဂေါ-ဟားခါး လမ်းပိုင်း မိုင်တိုင်အမှတ် (၂၅)တွင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အထက(၁)ကြည့်မြင်တိုင် ဆဌမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၇

အထက(၁)ကြည့်မြင်တိုင်(ယခင် ABM ကြည့်မြင်တိုင် နိမိုးကလေးအထက် တန်းကျောင်း)၏ ဆဌမအကြိမ်မဲ့ စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၉ရက် (တနင်္ဂနေ့) နံနက် ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြဝတီရည်ခန်းဝ၌ ကျင်းပရန် စီစဉ်ထားသည်။

နှိုးဆော်ထား

အထူးအစီအစဉ်တစ်ရပ်သနေ့ဖြင့် ဈေးရောင်းပွဲကို နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမှု၊ ကျောင်းသူကောင်းများနှင့် မျိုးဆက်သစ်လူငယ်များ ကောင်းကီလသံစဉ်များ၊ အကျိုးပြုပွဲအစီအစဉ်များ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လျှောက်နိုး

အလှူငွေများကို ခေါ်ငွေမ် ဖုန်း-၂၂၃၃၂၅၊ ခေါ်ခင်တိတိ ဖုန်း-၅၁၂၆၆၇၊ ခေါ်ဆေးဆေးသန်း ဖုန်း-၅၂၄၄၀၅၊ ခေါ်ရွှေးရွှေးဝင်း ဖုန်း-၀၉-၅၀-၂၀၈၅၃၊ ခေါ်ခင်သန်းဝင်း ဖုန်း-၀၉-၉၉-၂၀၉၉၆၊ ခေါ်ညွှန့်သွန်မိန် ဖုန်း-၆၅၀၅၅၄၊ ခေါ်သစ် ဖုန်း-၅၀၀၁၉၈၊ ခေါ်သန်းသန်းနိုင် ဖုန်း-၀၂၂၂၄၄၊ ခေါ်မြင့်တင် ဖုန်း-၅၃၉၄၁၁၊ ခေါ်ဝင်းဝင်းမေ ဖုန်း-၅၂၀၇၀၄၊ ခေါ်စံယမ် ဖုန်း-၅၃၄၇၄၅၊ ခေါ်စီဝါဦး ဖုန်း-၅၁၀၁၁၃နှင့် ခေါ်သီသီအေး ဖုန်း-၅၂၆ဝ၆ဝ၇ တို့သို့ ဆက်သွယ် လျှောက်နိုးနိုင်ကြောင်း သိရသည်။ *(မြန်မာ့အသံ)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်စုစည်းသည်

တရုတ်ဝန်ကြီးချုပ်နှင့် အီဂျစ်သမ္မတဆွေးနွေး

အီဂျစ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိလာသော တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် အီဂျစ်သမ္မတဘာရက်နှင့် နိုဝင်ဘာ၇ရက်က တွေ့ဆုံကာ နိုင်ငံတကာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်နိုင်ငံခြား ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ရုရှားအရှေ့ပိုင်းကမ်းလွန်၌ ရေဟတ်ယာဉ်တစ်စင်းပျက်ကျ

ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်းလွန်တာဝတာကရီရေလက်ကြားတွင် နိုဝင်ဘာ ၇ရက်က ရုရှားစစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင်လိုက်ပါလာသူ ၁၃ဦး စလုံး သေဆုံးခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ (အေပီ)

ယူရေနီယံများ အီရန်မှ ပြည်ပတင်ပို့မည်မဟုတ်

အီရန်နိုင်ငံသည် ယူရေနီယံများကို ပြည်ပသို့တင်ပို့ရန် အစီအစဉ်မရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်းသို့သာ ပြန်မီးချစ်ရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း အီရန်အရာရှိ များက နိုဝင်ဘာ ၇ရက်၌ ပြောကြားသည်။

ပေကျင်းနှင့် အနီးဝန်းကျင်၌ နှင်းများထူထပ်စွာ ကျဆင်း

တရုတ်နိုင်ငံ မြို့တော်ပေကျင်းနှင့် အနီးဝန်းကျင်ဒေသတွင် နိုဝင်ဘာ ၇ရက်က နှင်းများထူထပ် သဲသည်းစွာ ကျဆင်းပြီး လေအေးများ တိုက်ခတ်ခဲ့သဖြင့် မော်တော် ကားလမ်းများ ယာယီပိတ်ထားခဲ့ရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အိန္ဒိယနှင့် နီပေါနှစ်နိုင်ငံ လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးကြမည်

အိန္ဒိယနှင့် နီပေါနှစ်နိုင်ငံ ဆက်ဆံရေးနှင့် လုံခြုံရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှုပြုတစ်ရပ်ကို ကြာမီ ကျင်းပရန် သဘောတူညီမှုတစ်ရပ် ရရှိခဲ့ကြောင်း နီပေါအရာရှိများက နိုဝင်ဘာ ၇ရက်၌ သတင်းထုတ်ပြန်သည်။

ယီမင်မှ သဘာဝဓာတ်ငွေ့ရည်များ တောင်ကိုရီးယားသို့တင်ပို့

ယီမင်နိုင်ငံမှ သဘာဝဓာတ်ငွေ့ရည်များကို တောင်ကိုးရီးယားနိုင်ငံသို့ သင်္ဘော ဖြင့် နိုဝင်ဘာ ၇ရက်က ပထမဆုံး တင်ပို့လိုက်ကြောင်း ယီမင်နိုင်ငံမှ စွမ်းအင်အရာရှိ များက ပြောကြားသည်။

မကွေးဆီကိုအရှေ့ပိုင်းပြည်နယ်၌ ရေလွှမ်း

မကွေးဆီကိုနိုင်ငံအရှေ့ပိုင်း တာဘာစကိုပြည်နယ်တွင် နိုဝင်ဘာ ၇ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားပြီး အိမ်များ ရေနစ်မြုပ်ကာ ဒေသခံ ၇၀၀ဝကျော် ရေကောဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရေလွှတ်ကိုရိုက်ကြောင်း မကွေးဆီကိုနိုင်ငံရဲတပ်ဖွဲ့က ပြောကြားသည်။ *(ဆောက်ပုံ)*

ဖြိတီသျှုလေကြောင်းလိုင်းအရှုံးပေါ် ဝန်ထမ်း ၁၂၀ဝလျှော့ချသွားမည်

ယခုနှစ် ပထမခြောက်လတာကာလအတွင်း အမှုံးပေါ်မှုများကြားသည့်အတွက် ဝန်ထမ်း ၁၂၀ဝအားလျှော့ချသွားမည်ဖြစ်ကြောင်း ဖြိတီသျှုလေကြောင်းလိုင်းက နိုဝင်ဘာ ၇ရက်၌ သတင်းထုတ်ပြန်သည်။ (အင်တာနက်)

အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းထိန်းသိမ်း

အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် ရေထွက်၊ မြေထွက်၊ တိရစ္ဆာန်ထွက်နှင့် ရာကျအုပ်စုဝင် ပရဆေးပင်များကို လိုအပ်ချက်နှင့်အညီ ပြည့်စုံစွာ ထုတ်ယူရရှိနေစေရန် လိုအပ်။ ပြည်တွင်း၌ နဂိုမူလ ရှိပြီးဖြစ်သည့် နိုင်ငံတော်၏ ဆေးဖက်ဝင် သယံဇာတ အရင်းအမြစ်များ မပျောက်ပျက်စေရေး၊ တိုင်းရင်း ဆေးဝါးများကို အမှီအခို ကင်းကင်းဖြင့် ရေရှည် ထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမား တော်များအားလုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်။

*** ရှေ့ဂုံးမှ**

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အစည်းအဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ ပြခန်းငယ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်ဖြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးလုပ်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ဂုဏ်သိက္ခာမြင့်မားရေး ဆိုသည့် မှန်မြတ်ကောင်းမွန်သော ဦးတည်ချက်များဖြင့် ၂၀၀၀ပြည့်နှစ်က စတင်ပြီး ကျင်းပခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယခု ၂၀၀၉ခုနှစ်တွင် ဒဿမအကြိမ်တိုင်အောင် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

စနစ်တကျဖြစ်ထွန်း

နှစ်စဉ်ကျင်းပခဲ့သည့် ညီလာခံများ၌ ချမှတ်ခဲ့သော လုပ်ငန်းစဉ်များအပေါ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ အားလုံးက တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည့်အတွက် မြန်မာ့တိုင်းရင်းဆေးပညာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ စနစ်တကျ ဖြစ်ထွန်းလာခဲ့ကြောင်း။

မြန်မာ့ တိုင်းရင်းဆေးပညာသည် မြန်မာ့ရေခြေ တောကောင်သဘာဝ၊ ရာသီဥတု၊ မြန်မာ့ယဉ်ကျေးမှု အမေ့အနှစ်၊ ရေလုပ်ဘမ်း အစဉ်ဆလာများနှင့်အညီ အခြေခံမာစာ ဖြစ်ထွန်းတည်တံ့လာခဲ့ပြီး အသွင်သဏ္ဌာန်ရေး အနှစ်သာရပါ ထူးခြားလေးနက်မှုရှိခဲ့သည့် အမျိုးသားရေး ဂုဏ်ဆောင် ဆေးပညာလည်းဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းဆေးများသည် မြန်မာနိုင်ငံ အတွင်း ပေါ်ကြွယ်လှသည့် ရာကျအုပ်စုဝင် သစ်မြစ်၊ သစ်ဥ၊ ပရဆေးမယ်များ၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက် သယံဇာတ ပစ္စည်းများဖြင့် ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးများသုံးခဲ့ပြီး ကျန်းမာ အသက်ရှည်ခဲ့ကြသကဲ့သို့ လက်ရုံးရည်၊ နှလုံးရည် ထက်မြက်မြင့်မားသည့် လူမျိုးများအဖြစ် ပြည်ပနိုင်ငံများက အသိအမှတ်ပြုခဲ့ကြ ရကြောင်း။

အနာဂတ်နိုင်ငံတော်ကို အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းအကောင်အထည် ဖော်ရာ၌ ကျန်းမာကြီးမိုးသည့် လူငယ်မိုးအား အရင်းအမြစ်များအနေဖြင့် အဓိကကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

လမ်းညွှန်

ထို့ကြောင့် လူမှုရေးဦးတည်ချက်၌ "တစ်မျိုးသားလုံး ကျန်းမာကြီးမိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့်ဦးတည် ချက်တစ်ရပ်တို့ လုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"အာရှနိုင်ငံများ၌ မိမိတို့၏ တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာက လက်ခံလာစေရန် ခေတ်မီသုတေသန ပြုမှုများနှင့် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးဝါးများ နှင့်ကုထုံးများကို နိုင်ငံတကာက လက်ခံ လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြ ရန်လိုကြောင်း၊ ထို့အပြင် ဆေးဝါးဆိုင်ရာ အဓိအခိုကင်းရေးကိုလည်း အမြဲတမြဲလိုက်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** လမ်းညွှန် ခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်နှင့်အညီ မြန်မာ့ တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုကို ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက် ကုသမှု ပေးနိုင်စေရေးအတွက် "မြန်မာ့ တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များ နှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာ အဆင့်မှီသည်အထိ ဆောင်ရွက်မြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်ရန်" ဆိုသော အမျိုးသား ကျန်းမာရေးမူဝါဒတစ်ရပ်ကို ချမှတ် အကောင်အထည်ဖော်လျက်ရှိ ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ အခွန့်ရှည်စွာ တိုးတက်ထွန်းကား ပြန့်ပွားရေး အတွက် ယခုကဲ့သို့မူဝါဒများ နည်းလမ်းများ အစဉ်တစိုက်ချမှတ်ပြီး အာဂတ်တက်က လိုလေသေးမရှိအောင် မြေတောင်မြှောက် အားပေးမြှင့်တင် စောင့်ရှောက်လာသည့် အတွက် ယနေ့ကာလတွင် မြန်မာ့တိုင်းရင်း ဆေးပညာ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူ အများ ပိုမိုယုံကြည် အားကိုးလာခဲ့ခြင်း ဖြစ်ကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ်

ဆယ်စုနှစ် တစ်ခုအတွင်း မြန်မာ့ တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုး တိုးတက်စေရေး၊ ထွန်းကားပြန့်ပွားစေရေး နှင့် ရေရှည်တည်တံ့စေရေးတို့အတွက် ကြိုးပမ်းမှုများကို လေ့လာလျှင် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံ များကို ယခုနှစ်တွင် (၁၀)ကြိမ်မြောက် အထိ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၁ ခုနှစ်က နိုင်ငံတကာအဆင့်မှီ တိုင်းရင်း ဆေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ် သင်ကြားနိုင်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် မြန်မာ့ နိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ်မှ ၂၀၀၄ခုနှစ်အထိ ရန်ကုန်နှင့် မန္တလေးဖြို့များ၌ တိုင်းရင်းဆေး ဆရာ တစ်နှစ်သင်တန်းများ ငါးနှစ်တိုင်တိုင် စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့သကဲ့သို့ ၂၀၀၅နှင့် ၂၀၀၆ခုနှစ်များတွင် ကောင်းမွန်သော တိုင်းရင်းဆေးဝါး ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ တိုင်းရင်းဆေးပညာရပ် တိုးတက်ရေး ဆိုင်ရာ ဆွေးနွေးပွဲများ၊ နီးနေ့ဖလှယ်ပွဲများ ကျင်းပနိုင်ခဲ့ကြောင်း၊ ၂၀၀၇ခုနှစ်တွင် အရေးပေါ် အိမ်သုံးမြန်မာ့တိုင်းရင်းဆေး သေတ္တာစီမံချက် စတင်အကောင်အထည် ဖော်နိုင်မှု၊ ၂၀၀၈ခုနှစ်တွင် အမျိုးသား ပရဆေးဥယျာဉ်အပါအဝင် ပရဆေးဥယျာဉ် များ တစ်နိုင်ငံလုံးဖြန့်ကျက်ပြီး စိုက်ပျိုး နိုင်မှု၊ ၂၀၀၉ခုနှစ်အထိ ပြည်နယ်နှင့် တိုင်း အသီးသီးနှဲ့ တိုင်းရင်းဆေးရုံ ၁၄ရုံ၊ တိုင်းရင်းဆေးကုဌာန ၂၃ဂုဏအထိ တိုးမြှင့် ဖွင့်လှစ်နိုင်မှု စသည့် ကြိုးပမ်းဆောင်ရွက် မှုများကြောင့် ယခုအခါတွင် ပြည်သူများ အတွင်း တိုင်းရင်းဆေးပညာဖြင့် စောင့် ရှောက်နိုင်မှု အကျိုးရလဒ်ကောင်းများ ပေါ်ပေါ်ပြင်ပြင် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

မွေးထုတ်ပေးခဲ့

မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျ ထွန်းကားရေးတွင် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေး ပညာရင် လူ့စွမ်းအားအရင်းအမြစ်များကို သင်ကြားလေ့ကျင့် ပေးလျက်ရှိရာ၌ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် တိုင်းရင်းဆေးပညာ ဒီပလိုမာ မြန်မာ့ တိုင်းရင်းဆေးပညာဘွဲ့၊ တစ်နှစ်သင်တန်း ဆင်း တိုင်းရင်းဆေးဆရာနှင့် အခြား မှတ်ပုံတင် တိုင်းရင်းဆေးဆရာပေါင်း ၆၄၄၂ဦး ရေးထုတ်ပေးခဲ့ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု အလုမ်း ကျွမ်းလာသည့် နယ်စပ်ဒေသနှင့် ဝေးလံ ခေါင်းပါးသော အစွန်အဖျားဒေသများ အထိ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ လွှမ်းခြုံပေးနိုင်ရေးအတွက် တိုင်းရင်း ဆေးပညာသင်တန်းများ၊ ပညာပေး ဟောပြောမှုများ၊ ကွင်းဆင်းကုသမှုများ အရှိန်အဟုန်မြှင့်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

အဓိကကျ

မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံ တကာအဆင့်မှီ အားပေးဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားကျန်းမာရေးဗဟိုဓာတ်နီး များ စနစ်တကျ ရေးဆွဲချမှတ် အကောင် အထည်ဖော်လျက်ရှိရာတွင် ကျန်းမာရေး ခန့်ကြီးဌာနနှင့်အတူ ပညာရှင်များနှင့် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်မှုသည် အဓိကကျသော ကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ယနေ့တော် ပြည်သူအများ အားကိုး အားထားပြု သုံးစွဲနေကြသည့် မြန်မာ့တိုင်း ရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေကို ကြည့်လျှင် ဆေးဝါးအဖြစ် ဖော်စပ်မည့် ပရဆေးကုန်ကြမ်းများသာမက ဖော်စပ်ပြီး တိုင်းရင်းဆေးဝါးများကို ခေတ်ပေါ်စက်ကိရိယာများ အသုံးပြု၍ ခေတ်မီနည်းပညာများဖြင့် စံချိန်စံညွှန်း မှတ်တမ်းတင်နိုင်ရန် စနစ်တကျ ဆောင် ရွက်လာကြသည်ကို တွေ့ရကြောင်း၊ သို့မှ သာလျှင် ပြည်သူများသုံးစွဲနေသည့် တိုင်းရင်း ဆေးဝါးများ၏ အရည်အသွေး စစ်မှန်မှု၊ အစွမ်းအာနိသင် ထက်မြက်မှုနှင့် ဘေး အန္တရာယ်ကင်းရှင်းမှုတို့ကို အာမခံနိုင်မည် ဖြစ်ပြီး အတွေ့အကြုံအခြေပြု ဆေးပညာ (Experience Based) မှ တစ်ဆင့် ကမ္ဘာက လက်ခံသော သက်သေအထောက် အထားအခြေပြု ဆေးပညာ (Evidence Based)အဖြစ် တိကျဖိုင်မာစွာ မှတ်တမ်း တင်နိုင်မည်ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်း လုံး၌ လူနေမှုဘဝပန်းများနှင့် အစား အသောက်၊ အနေအထိုင်များ ပြောင်းလဲ လာခြင်းကြောင့် ရောဂါအသစ်အဆန်းများ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လျက်ရှိပြီး တချို့ရောဂါများဆိုလျှင် ခေတ်ပေါ်ဆေးများ မတိုးတောင့်သည့် အခြေအနေအထိ ရောက်ရှိ လာကြောင်း၊ ယင်းကဲ့သို့ အခြေအနေ၌ ခေတ်ပေါ်ဆေးပညာနှင့် မြန်မာ့တိုင်းရင်း ဆေးပညာ ပေါင်းစပ်ယှဉ်တွဲကုသပေးသည့် နည်းလမ်းသည် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ပေါင်းစပ်ကုသမှုစနစ်၏ အကျိုးကျေးဇူးကြောင့် တီဘီ၊ HIV၊ ဌကမျိုး၊ သီးချဉ်၊ သွေးတိုး၊ ဝမ်းလျှောဝမ်းပျက်နှင့် ဝမ်းကိတ်ဆိုသည့် မြန်မာ နိုင်ငံ၏ အဓိက ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်သည်ကို တွေ့မြင်ရကြရပြီ ဖြစ်ကြောင်း။

တိုးချဲ့ဆောင်ရွက်

တိုင်းရင်းဆေးများသည် ပင်ကို သဘာဝ အစွမ်းအာနိသင်ရှိပြီး ဘေးထွက် ဆိုးကျိုး နည်းပါးမှုကြောင့် ယနေ့ကမ္ဘာ နိုင်ငံတော်တော်များများသည် ခေတ်ပေါ် ဆေးဝါးများအစား ဘေးထွက်ဆိုးကျိုး (Side-effect) နည်းပါးသော ရိုးရာ တိုင်းရင်းဆေးဝါးများကို စိတ်ဝင်တစားပြု ထုတ်လုပ်လျက်ရှိသကဲ့သို့ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်လာကြပြီ ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အချိန်အခါ၌ ပင်ကို အစွမ်းအာနိသင် ရှိပြီးဖြစ်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာ နယ်ပယ်အထိ ထိုးဖောက်နိုင်ရန် တိုင်းရင်း ဆေး သုတေသနလုပ်ငန်းကို ပိုမိုတိုးချဲ့ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဒဿမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယခုဆိုလျှင် ကျန်းမာရေးဝန်ကြီး ဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းရင်း ဆေးပညာဦးစီးဌာန အပါအဝင် ဆေး သုတေသနဆိုင်ရာဌာနသုံးခုတို့ ပူပေါင်း၍ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည့် အတွက် တိုင်းရင်းဆေးဝါးသစ်များ ပေါ်ထွက်လာရန် သုတေသနလုပ်ငန်းများ၊ ကုသမှု အားထုတ်မြှင့်တင်ပေးကြပါ၊ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက် ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော် များအားလုံးက ကျရောကဏ္ဍမှ စွမ်းဆွမ်းတမ် ပါဝင်ကြီးပမ်း ဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုနေကြောင်းဖြင့် ပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဒဿမအကြိမ် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ဖတ်ကြားသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သည် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်လာ ကြသည့် သံတမန်များ၊ တိုင်းရင်းဆေး ကောင်စီဝင် သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ ပြခန်းငယ်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မနှစ်ပါး သန့်ရှင်းတည်တံ့ပြန့်ပွားလာလျှင် ပဋိဝေဓသဒ္ဓမ္မဟူသော မဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့်ကို ဇောန်သုံးဆောင် ခံစားရမည်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၇

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးနဲ့သို့ နေ၀အစည်းအဝေး သဘာ၀တိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဖြို့ မဟာပိသုတာရာမ တိုက်သစ်ဆရာတော် အတိဓမ္မဟာရဋ္ဌဂုရု အတိဓမ္မအဘိဝံသမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ သာရတီယ ဩဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆရာတော်အရှင်မြတ်တို့ဘုရား-

သံဃာ့အဖွဲ့အစည်းဖွဲ့ရည်း၍ သာသနာတော်သန့်ရှင်းရေးကိုဆောင်ရွက်ခဲ့ရာ ရေးဦးအစပ်င်းအချိန်က ရဟန်းတု၊ ရဟန်းယောင်များ ပမျောက်သလောက်ဖြစ်၍ သမဏသာရမ္ဘပမ်ရှိသောရဟန်းတော်များလည်း နည်းပါးလာခဲ့ပါသည်။ ပရိယတ္တိသာသနာတော်၏ အညစ်အကြေး ဘေးရန်ဖြစ်သော အမေ၀ါဒများကိုလည်း ပိတ်ပင်ဟန့်တား ပယ်ရှားနိုင်ခဲ့ပါသည်ဘုရား။

ယခုအခါ ပရိယတ္တိသာသနာတော်၏ဘေးရန်ဖြစ်သော ''အမေ၀ါဒ'' ဟုဆုံးဖြတ်ခဲ့ပြီးသော၀ါဒများ တစ်ဝ တစ်ဝ ခေါင်းထောင် လာပြန်ပါသည်။ အချို့က ဓမ္ထ၀ရများ ဟောပြောကြသည်။ အချို့က အထင်အရှား ဟောပြောကြသည်။ အချို့က သင်တန်းဖွင့်၍ ပြသကြသည်။ အမေ၀ါဒအဖြစ် ဆုံးဖြတ်အပ်ပြီးသော စာဆုပ်စာတမ်းများကို မိတ္တူများ၍ ဖြန့်ချိနေကြသည်များကိုလည်း အထင်အရှား တွေ့မြင်နေကြရပါသည်။

ဤအမေ၀ါဒများကို မည်သည့်သေဝဋ္ဋ မည်သည့်ပုဂ္ဂိုလ်များ မည်သို့ မည်ပုံ ဟောပြောနေကြသည်။ သင်တန်းပို့ချနေကြသည် စာသည်များကို **''ပြည်နယ်/တိုင်း၊ မြို့နယ် သံဃာ့ယာယကအဖွဲ့များက အတိအကျစစ်မြေးထောက်လှမ်း၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ထံ အစီရင်ခံတင်ပြကြရန် ညွှန်ကြားလွှာများထုတ်ထားသင့်မည်''**ဟု သဘောရပါသည်ဘုရား။

ဤလျှောက်ထားခဲ့ပြီးသော အကြောင်းခြင်းရာများသည် ပရိယတ္တိသဒ္ဓမ္မတည်းဟူသော မြတ်ဗုဒ္ဓ၏ သာသနာတော် မသန့်မရှင်း ညစ်ခွမ်းခြင်း၏ အညစ်အကြေးများဖြစ်ပါသည်။ ဤသာသနာ့အညစ်အကြေးများကို သုတ်သင်ပယ်ရှား ကားမြစ်ခြင်းမရှိဘဲ လျစ်လျူရှု ထားကြလျှင် ပရိယတ္တိသဒ္ဓမ္မဟူသော မြတ်ဗုဒ္ဓ၏သာသနာတော်မြတ်ကြီး ပျက်စီးကွယ်ပျောက်သွားနိုင်ပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား-

''အမ်ိုက်မှစ ပြာသာဒ်ဦးလောင်''ဟူသော မြန်မာစကားပုံရှိခဲ့ပါသည်။ ယခုဖြစ်ပေါ်နေသည့် ''ပြာသာဒ်ကို လောင်မည်ဦးသည် သာမည ဦးပေါက် ဦးဖွားကလေးမျှ မဟုတ်တော့ပါ။ ထေရ၀ါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကည်းဟူသော ပြာသာဒ်တော်ကြီးကို မျိုး၀ါးလောင်မြိုက်သွားနိုင်လောက်အောင် အင်အားကြီးမားသော မီးပုံကြီးဖြစ်နေသည်ကိုလည်း သတိကြပ်ကြပ်ထားတော်မူကြစေချင်ပါသည်ဘုရား။

ပရိယတ္တိသဒ္ဓမ္မဟူသော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး ပျက်စီးကွယ်ပျောက်သွားလျှင် ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မတည်းဟူသော သာသနာတော်မြတ်ကြီးများလည်း ပျက်စီးကွယ်ပျောက်သွားကြပါလိမ့်မည်ဘုရား။

ဘုရားရှင်ကိယ်တော်မြတ်ကြီးသည် ထိုအရေးကို မြင်တော်မူသောကြောင့် အရှင်မဟာကဿပထေရ်မြတ်အား-

''သေယျထာပိ ကဿပ နု ဓာတရူပဿ အန္တရဓာနံ ဟောတိ။ ယာ၀ နု ဓာတရူပမ္ပတိ ရူပဂဿ လောကေ ဥပ္ပဇ္ဇတိ။ ယကေ စ ခေါ ကဿပ ဓာတရူပမ္ပတိ ရူပဂဿ လောကေ ဥပ္ပဇ္ဇတိ။ အထ ဓာတရူပဿ အန္တရဓာနံ ဟောတိ။ ဧ၀မေ၀ ခေါ ကဿပ နု တာ၀ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။ ယာ၀ နု သဒ္ဓမ္မပ္ပတိ ရူပဂဿ လောကေ ဥပ္ပဇ္ဇတိ။ ယကေ စ ခေါ ကဿပ သဒ္ဓမ္မပ္ပတိ ရူပဂဿ လောကေ ဥပ္ပဇ္ဇတိ။ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ''ဟု ဟောတော်မူခဲ့ပါသည်ဘုရား။ (အံ၊ ၁၊ ၄၂၂)

ဤပါဠိတော်၏ အကျဉ်းချုပ် အဓိပ္ပာယ်မှာ-

''ကဿပလောကဒ္ဓေ ရွေးအတုမဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး ရွေးအစစ် မကွယ်ပျောက်နိုင်သေး၊ လောကဒ္ဓေ ရွေးအတုဖြစ်ပေါ်လာသောအခါ၌မူကား ရွေးအစစ် ကွယ်ပျောက်နိုင်၏။

ကဿပ ဤဥပမာ အတူပင် လောကဒ္ဓ သဒ္ဓမ္မပ္ပတိရူပဂ = သူတော်ကောင်းတရား အတုအယောင်မဖြစ်ပေါ်သေးသမျှကာလပတ်လုံး သူတော်ကောင်းတရားတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မကွယ်ပျောက်နိုင်သေး။ လောကဒ္ဓ သဒ္ဓမ္မပ္ပတိရူပ = သူတော်ကောင်းတရား အတုအယောင်ဖြစ်ပေါ်လာသော အခါ၌မူကား သူတော်ကောင်း တရားတည်းဟူသော သဒ္ဓမ္မသုံးဖြာသာသနာတော် ကွယ်ပျောက်နိုင်၏''ဟုဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား -

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သဒ္ဓမ္မပ္ပတိရူပဂခေါ် သူတော်ကောင်းတရားတု၊ တရားယောင်များ အထင်အရှား ပေါ်ပေါက်နေပါပြီဘုရား။ ထိတရားတု၊ တရားယောင်များကို စတင်ဟောပြောဖြန့်ချိနေကြသော ဝိတဏ္ဍ၀ါဒီအမေ၀ါဒီများသည် ပါဠိဓ္ဓဇဏ္ဍ၀ပကတသောဘေဒြင့် သံဂါယနာ(၆)တန်တင် ပါဠိတော်၊ အဋ္ဌကထာများကိုပင် ဘုရားဟောမဟုတ် ဗြဟ္မဇာဝါဒများဖြစ်သည်ဟု ပုတ်ခတ်ယပ်ရှားပြီးလျှင် ဘုရားရှင်၏ သေသမျှတော်ကို ခုတုံးလုပ်ကာ ဘုရားရှင်ဟောကြားတော်မူအပ်သော သေသမျှတော်၏ အဓိပ္ပာယ်ကို အလွဲလွဲ အမှားမှား ဖွင့်ဆိုကြလျက် ဘုရားရှင်သေသနာတော်နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော ဝါဒသစ်များထူထောင်ကြ၍ အမေ၀ါဒများကို ဟောပြောခြင်း၊ သင်တန်းပေးခြင်း၊ စာဆုပ်စာတမ်းများ ထုတ်ဝေခြင်း စသည်တို့ဖြင့် စနစ်တကျစီမံကိန်းချကာ ထေရ၀ါဒဗုဒ္ဓသာသနာတော်ကို ဦးတည်၍ ထိုးနှက်တိုက်နှက်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။ ထိုပုဂ္ဂိုလ်များသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း စာမျက်နှာ (၂၇)အပိုဒ် (၁၂)အပိုင်းခွဲ(၇)၌ ''ပဋိကတတ်ကော်နှင့်မည်သောရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြလုလင်ခြင်း များကို တားဆီးကာကွယ်ရန်ဖြစ်သည်''ဟု ပြဆိုထားပါလျက် ထိုစည်းမျဉ်းစည်းကမ်းကို မလိုက်နာဘဲ ထေရ၀ါဒဗုဒ္ဓပဋိကတတ်ကော်နှင့် မည်သောရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြလုလင်ခြင်းများကို စနစ်တကျ စီမံကိန်းချကာ အင်တိုက်အားတိုက် ပြလုပ်ဆောင်ရွက်နေကြပါသည်ဘုရား။

ဤသာသနာတော်၏ အညစ်အကြေးဘေးရန်ဖြစ်သော အမေ၀ါဒများကို သုတ်သင်ပယ်ရှားတားဖြစ်ရမည့်တာဝန်သည် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာ၀နိုင်ငံပါသည်။ တာ၀နိ၊အရိုင်ရုံးဖြစ်သော တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် တာ၀နိ၊ကို သိသောအားဖြင့် ဤတာ၀နိ၊ကို တပည့်တော်တို့ မလွဲမသွေ ဇောန်မုရာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များကလည်း သာသနာ့စာစိတ်ဓာတ်အပြည့်အ၀ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက် ကြရမည်ဖြစ်ပါသည်။ သံဃာ့အဖွဲတိုရယ်ဗဟုတိယိစားလယ် ဆရာတော်များကလည်း လက်တိုက်ကာ ကြည့်မနေဘဲ နိုးနိုးကြားကြား တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည် ဘုရား။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကလည်း ဓမ္မစက်ကို အဆာဇာစက်ဖြင့် ကူညီပံ့ပိုးခြင်း၊ ဗုဒ္ဓဘာသာ၀င် ဥပါသကာ, ဥပါသိကာတို့ကလည်း အမိသာနုဂုဟဖြင့် အားပေးဆီးမြှောက် ထောက်ပံ့ခြင်းတို့ဖြင့် သဒ္ဓါတရား ထက်ထက်သန်သန် ပါ၀င်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤသို့ တက်ညီလက်ညီဆောင်ရွက်မှသာ ဤအမေ၀ါဒများကို သုတ်သင်, ပယ်ရှား, တားမြစ်နိုင်မည်ဖြစ်ပါသည်။ ဤသို့ အမေ၀ါဒသာသနာ့အညစ်အကြေးတို့ကို သုတ်သင်, ပယ်ရှား တားမြစ်လိုက်ပါလျှင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိသဒ္ဓမ္မသာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်သွားမည်ဖြစ်ပါသည်။

ပရိယတ္တိသဒ္ဓမ္မသာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်လျှင် ပဋိပတ္တိသဒ္ဓမ္မသာသနာတော်မြတ်ကြီးလည်း သန့်ရှင်းစင်ကြယ်သွားမည်ဖြစ်ပါသည်ဘုရား။

သာသနာတော်တည်တံ့ရေး

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ မြို့တိုင်းလိုလိုပင် ပရိယတ္တိ စာသင်တိုက်ကြီးများ ဖွင့်လှစ်၍ ပရိယတ်ကို ပို့ချသင်ကြားပေးနေခြင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တာဝကွယ်သိုလ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရ၀ါဒဗုဒ္ဓသာသနာ့ပြုတာဝကွယ်သိုလ်ကြီးနှင့် သီတဝုဂဟဗုဒ္ဓတာဝကွယ်သိုလ်ကြီးများ၌လည်း ပရိယတ်ကျမ်းကန်များကို ဘာသာ၌ရပါတ္တဲဖက်၌ ခေတ်မီနည်းစနစ်ဖြင့် ပို့ချသင်ကြား ပေးနေခြင်း၊ ပဋိပတ္တိကမ္မဋ္ဌာန်းနည်းပြ သာသနာ့ရိပ်သာများ ဒေသအနှံအပြားဖွင့်လှစ်ပြသနေခြင်းတို့ကြောင့် ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိ သာသနာတော်တည်တံ့ရေးမှာ အားရကျေနပ်ဖွယ်ရှိပါသည်။ ထိုထက်တိုးတက်အောင် အားပေးထောက်ပံ့ ကူညီရန်သာ လိုအပ်ပါသည်ဘုရား။

သာသနာတော်ပြန့်ပွားရေး

ဆရာတော်အရှင်မြတ်တို့ဘုရား-

သာသနာတော်ပြန့်ပွားရေးအတွက် နယ်စပ်ဒေသနှင့် တောင်တန်းဒေသများ၌ သာသနာ ပြုကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နေပါသည်။ အားရကျေနပ်အောင်တော့ ဆောင်မြင်သေးပါ။ ဆောင်မြင်ရသေးခြင်းမှာလည်း ပစ္စည်းလေးပါး အထောက်အပံ့နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၀င်မြန်မာလူမျိုးများသည် ဌေကျပ်သိန်းတစ်ထောင်ကုန်၊ သိန်းနှစ်ထောင်ကုန်၊ သုံးထောင်ကုန် ကျောင်းကန်စသည်များ ဆောက်လုပ်လှူဒါန်းနိုင်ကြသော်လည်း ဗုဒ္ဓသာသနာတော် ထွေနိုးကားသေးသောဒေသများ၌ ဆင်းဆင်းရဲရဲ သာသနာ့ပြုနေကြသော သံဃာတော်များအား ထောက်ပံ့ရန်ကိစ္စကိုမူ နှလုံးမသွင်းမိကြဘဲ ဖြစ်နေပါသည်။ နိုင်ငံခြားသာသနာ့ပြုကျောင်းများမှာ ကျောထောက်နောက်ခံ အထောက်အပံ့မက ပြည်စုံလုံလောက်စွာရနေတဲ့အတွက် သူတို့သာသနာ့ပြုတွေက အောင်မြင်ကြပါသည်။ တပည့်တော်တို့က သူတို့ကိုမယှဉ်နိုင်ဘဲဖြစ်နေကြပါသည်။ ဒီသာသနာ့ပြုကုသိုလ်၏ ထူးကဲမှန်မြတ်ပုံကို လူအများသိအောင် ဟောပြောဆွေးဆွေးမြွေးလိုပါသည်။ ဒီကိစ္စကိုတော့ နိုင်ငံကျော် ဓမ္မဘဏ်ဂေ အရာတော်များကို တရားဟောတဲ့အခါ သာသနာ့ပြုကုသိုလ်၏ မှန်မြတ်ပုံကို ထည့်သွင်း ဟောပြောကြရန် တောင်းပန်တိုက်တွန်းသင့်ပါသည်။ ဟောပြောရံမက သာသနာ့ပြု ထောက်ပံ့ရေးအဖွဲ့များလည်း ဖွဲ့စည်းသင့်ပါသည်။ ဤသာသနာ့ပြုထောက်ပံ့ရေးအဖွဲ့များ ဖွဲ့စည်း၍ အင်တိုက်အားတိုက်ဆောင်ရွက်နေသော ဓမ္မဘဏ်က ဆရာတော်အချို့လည်း ရှိပါပါသည်။ ဤဓမ္မဘဏ်ကဆရာတော်မျိုး များများပေါ်ထွက်လာအောင် တောင်းပန်တိုက်တွန်းဖို့ လိုအပ်ပါသည် ဘုရား။

ကမ္ဘာမှာ ဗုဒ္ဓသာသနာတော်ပြန့်ပွားဖို့ကတော့ ဘာသာ၌ရကျမ်းကျင်သော သာသနာ့ပြုရဟန်းတော်များ အများအပြားပေါ်ပေါက်လာဖို့ လိုအပ်ပါသည်။ ပရိယတ်, ပဋိပတ် အခြေခံလုံလောက်ပြီးသော ရဟန်းတော်များ ဘာသာ၌ရရေလာလာဆည်းပူးရန် အားပေးချီး မြှောက် ထောက်ပံ့သင့်ပါသည်ဘုရား။ ဤသို့ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ နှစ်ပါး သန့်ရှင်းတည်တံ့ပြန့်ပွားလာလျှင် ပဋိဝေဓသဒ္ဓမ္မဟူသော မဂ်ဖိုလ်နိဗ္ဗာန်အသီးအပွင့်ကို ဇောန်သုံးဆောင် ခံစားရမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ယခု ဘုရားတပည့်တော် လျှောက်ထားတင်ပြခဲ့သည့်အတိုင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဦးဘည်ချက်ဖြစ်သော **''သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး''** သုံးရပ် အကောင်အထည်ပေါ်လာအောင် တာ၀နိ၊အရိုင်ရုံးဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ သံဃာသမ္မတိရေ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် သာသနာတော်ကို ကြည်ညိုဖြေတိန်းကြသည့် ဥပါသကာ, ဥပါသိကာများ လက်တွဲ၍ ညီညီညာညာ အင်တိုက်အားတိုက်ဆောင်ရွက်ကြပါရန် လေးလေးနက်နက်တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရတီယ ဩဝါဒကထာကို နိုးကားမှတ်သားဆုံးသတိပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးနဲ့သို့ နေ၀အစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာသာဝင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ ဣဒ္ဓိဗိုဓ

တက်ရောက်ကြည်ညိုခြင်း

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကွေးဖြို့ မဟာ ပိသုတာရာမတိုက်သစ်ဆရာတော် အာ၀ဓေမဟာရဋ္ဌဂုရု အာ၀ဓေအဂ္ဂမဟာသဒ္ဓမ္ဓ ဓောတိက ဘဒ္ဒန္တကုမာရ အမှူးပြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်တို့များ ကြွရောက်တော်မူကြပြီး သာသနာ့ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်ဟောင်း၊ အကြင်းပေး ပဂ္ဂိုလ် ဦးအုံဟောင်း၊ သာသနာ့ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာ၀နိ၊ရိုးသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာ့ရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ကွေးဖြို့ မဟာ ပိသုတာရာမတိုက်သစ်ဆရာတော် အာ၀ဓေမဟာရဋ္ဌဂုရု အာ၀ဓေအဂ္ဂမဟာသဒ္ဓမ္ဓ ဓောတိက ဘဒ္ဒန္တကုမာရက သာ၀တတိ အဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုး တော်ဆောင် မန္တလေးဖြို့ ချမ်းသာကြီး ကျောင်းတိုက် ရဟန္တာ၀ဗိမာန်စာချေကျောင်း ဆရာတော် အဂ္ဂမဟာဇဋ္ဌာတ အဂ္ဂမဟာ သဒ္ဓမ္ဓ ဓောတိကဝေ ဘဒ္ဒန္တ ဓောတိကာဘိ၀သက ဟင်သွင်း လျှောက်ထားသည်။

ထိုနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာ၀နိ၊ကျရာကာလ အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ဖွန်းလွဲ ၁နာရီလွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ ပိဏ္ဍယရေးရာ၊သာသနာ ရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများက တင်ပြဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ပတမနေ့ အစည်း အဝေးကို ရပ်နားလိုက်သည်။

ဆက်တပ်လျှပ်ဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးနဲ့သို့ နေ၀အစည်း အဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလျှဉ်ရှင် ရန်ကုန်မြို့ သဃိန်းကျွန်းမြို့နယ် ကျိုက္ကစ်ဝေ့ဥစ် ရွှေကျင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မာနိတဘိုးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန်တော်သံဃမဟာ နာယက ဆွမ်းစားဆောင်၌ တစ်နေ့တာ အရာဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ ဆက်တပ် လျှပ်ဒါန်းကြသည်။ **(သတင်းစဉ်)**

မီးသတ်ညွှန်ကြားရေးမှူးချုပ် အရန်မီးသတ်တပ်ဖွဲ့ ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် မြေလည်ရေးရာဝန်ကြီးဌာန မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ယခု နံနက်ပိုင်းတွင် လှိုင်မြို့နယ် မီးသတ်စခန်း၌ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၆မြို့နယ်မှ အရန်မီးသတ် ဒုတိယ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တွေ့ဆုံ၍ မှင့်လင်းရာသီ ရောက်ရှိလာမြင်ဖြစ်၍ မီးဘေးကြိတင်ကာကွယ်ရေးလုပ်ငန်းများကို အမြန်အဟုန်မြင့် ဆောင်ရွက်ကြရန်နှင့် ပြည်သူလူထု အားကိုးရသည့် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ဆောင် ကြီးပမ်း ဆောင်ရွက် သွားကြရန်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခန္ဓီးဘရိုင် ပြန်/ဆက် စာတတ်ဝိုင်းဖွဲ့ ဌေးနွေး

ခန္ဓီး နိုဝင်ဘာ ၇

ခန္ဓီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးဦးဌာန ဝန်ထမ်းများ၏ စာတတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဆောက်တိုဘာ ၂၀ရက်က ခရိုင်ရိုးစာကြည်တိုက်ခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးဦးဌာန ဦးစီးဆရာရှိ ဦးမြင့်ကျော်က စာတတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းဖိုးနှင့် ဒေါ်ဒိုရေ(ရုပ်သံ-၃)တို့ကမြန်မာ့အသံလိုင်းတစ်ဝါဆောင်းပါးများနှင့် ဒေါ်အေးဆေးခန့် (အငယ်တန်းစာရေး)က ရုံးလုပ်ငန်းလက်ရှိစာအုပ်ပါ အကြောင်းအရာတို့ကို ဖတ်ကြား ဆွေးနွေးပြီး ခရိုင်ဦးစီးဆရာရှိ ဦးမြင့်ကျော်က ဖတ်ကြားဆွေးနွေးမှုအပေါ် မြှင့်သုံးသပ် ဆွေးနွေးသည်။ ***(ခရိုင် ပြန်/ဆက်)***

ဌေချည်(၆) ဝါအသီးများ။ (စက်မှု-၁)

● *ကျောဖုံးမှ*

အဓိကထား

ရှားယခင်က ချည်ကြမ်းထည်များကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါ ချည်သားချောပြီး ပါးလွှာချောမွတ်သည့် ချည်ထည်များကိုသာ နှစ်သက်စွာ သုံးစွဲလာကြသည်။ ရာသီဥတုဒဏ်ခံနိုင်ရန်၊ အပူအအေးမျှတစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စေရန်တို့အတွက် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သည့် ချည်များအစား ဝါဂွမ်းစစ်စစ်ကိုသာ အသုံးပြုထုတ်လုပ်သည့် (Pure Cotton) ချည်ထည်များကိုသာ တနိုဗီးထား ဝတ်ဆင်လာကြသည်။ နိုင်ငံတကာတွင် ပွံ့ဖြိုးပြီးနိုင်ငံများမှ နိုင်ငံသားများသည် အဆင့်အတန်းမြင့်မားသည့် ချည်ချောထည်များကိုသာ အဓိကထား ဝတ်ဆင်ကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် ဝါဂွမ်း စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရာသီဥတုခြေအေနအထားနှင့်ကိုက်ညီ၍ နှစ်ပေါင်းများစွာဝါစိုက်ပျိုးထုတ်လုပ်ခဲ့သည်။ ယခင်က ဝါဂွမ်းအရည်အသွေးနှင့် ဝါအထွက်နှုန်း အနည်းငယ်နိမ့်သည့် ဝါမျိုးများကို စိုက်ပျိုးထုတ်လုပ်ခဲ့ရာမှ ယခုအခါ လယ်ယာစိုက်ပျိုးခြင်းဖြင့် ˚အေ˚လွန် (Extra Long Staple) (A+)အဆင့်၊ ˚အေ˚(A)အဆင့်၊ ˚ဘီ˚(B) အဆင့် ဝါများကို ခွဲခြားရွေးကောက်၍ သန့်စင်စွာ ကြိတ်ခွဲထုတ်လုပ်နိုင်ပါက ၁/၄၀ ချည်ထက် အရည်အသွေး ပိုမိုမြင့်မားသည့် ၁/၆၄၊ ၁/၈၀၊ ၁/၁၀၀ ချည်များ အသုံးပြုသည့် အဆင့်မြင့်ချည်ချောထည်များ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းရပေသည်။

မျိုးကောင်းမျိုးသန့်

ချည်ထည်လုပ်ငန်းအတွက် အရည်အသွေးမြင့်မားသော ဝါများရရှိရန် ဝါစိုက်တောင်သူများ၏ ဆောင်ရွက်ချက်များက အဓိကကျလှသည်။ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာ၌ မျိုးကောင်းမျိုးသန့်ဝါများ ရွေးချယ်စိုက်ပျိုးခြင်း၊ ထွန်ယက်စိုက်ပျိုးမှု နည်းစနစ်မှန်ကန်ခြင်း၊ စိုက်ပျိုးရေ မှန်ကန်စွာရရှိရေးအတွက် ရာသီဥတု ကြိုတင်ခန့်မှန်းတွက်ချက်ခြင်း (သို့မဟုတ်) ရေပေးသွင်းခြင်း၊ မြေဩဇာနှင့် ပိုးသတ်ဆေး စသည့် သွင်းအားစုများ စနစ်တကျ အသုံးပြုခြင်း၊ ကြားပေါင်းများဖယ်ရှားခြင်း စသည်တို့ ပြုလုပ်ရန် လိုအပ်သကဲ့သို့ ဝါပေါက်များ ကောက်ယူရာ၌လည်း စနစ်တကျ ခွဲခြားကောက်ယူရန် လိုအပ်သည်။ ဝါစိုက်ပျိုးရာ ဒေသ၊ စိုက်ပျိုးပြုစုမှုအပေါ် မူတည်၍ ဝါပင်သီးကိုင်းမှ စတင်သီးသော (ဒေသအခေါ် လက်ရင်းသီး)များမှ အရည်အသွေး ကောင်းသော ဝါပေါက်များ ရလေ့ရှိပြီး ˚အေ˚လွန်နှင့် ˚အေ˚အဆင့် ဝါများ ရရှိနိုင်သည်။ ဆက်လက်၍ သီးသောသီးကိုင်း အလယ်ပိုင်း (ဒေသအခေါ် ခါးသီး)မှ အတော်အသင့်ကောင်းမွန်သော ဝါဂွမ်း ˚အေ˚နှင့် ˚ဘီ˚အဆင့် ဝါများ ရရှိနိုင်သည်။ ဝါပင်၌ နောက်ပိုင်းကာလများတွင် ကောက်ယူသော သီးကိုင်း၏ အဖျားပိုင်း (ဒေသအခေါ် လက်များသီး)မှ ရရှိသည့် ဝါပေါက်များမှာ အရည်အသွေး အနည်းငယ်ကျဆင်းတတ်၍ ˚စီ˚အဆင့် ဝါများကို ရရှိနိုင်သည်။ လက်များသီးသည် လက်ရင်းသီး၊ ခါးလယ်သီးတို့ထက် ဂွမ်းမွေးတိုတတ်သည်။

တောင်သူများ ဝါကောက်ယူသည့်အကြိမ်မှာ ဂျာကြိမ်မှ ၁၀ကြိမ်ခန့်အထိ ဖြစ်၍ အချိန်ကာလဖြင့် လက်ရင်းသီး၊ ခါးလယ်သီး၊ လက်များသီးတို့ကို အကြမ်းဖျင်း ခွဲခြားနိုင်သည်။ စိုက်ပျိုးသည့်ရက်မှ ၁၀၀-၁၂၀ ရက်အတွင်း ကောက်ယူသည့် ပထမ နှစ်ကြိမ်တွင် လက်ရင်းသီး၊ စိုက်ပျိုးသည့်ရက်မှ ၁၂၀-၁၅၀ ရက်အတွင်း ကောက်ယူသည့် ဒုတိယငါးကြိမ်သည် ခါးလယ်သီး၊ စိုက်ပျိုးပြီးရက်မှ ၁၅၀-၁၆၀ ရက်အတွင်း ကောက်ယူသည့် တတိယသုံးကြိမ်သည် လက်များသီးဟု အကြမ်းဖျင်း ခွဲခြားသတ်မှတ်နိုင်သည်။

ဌေချည်(၆) ဝါများ ရွေးချယ်သန့်စင်သော လုပ်ငန်းခွင် တစ်နေရာ....။ (စက်မှု-၁)

ရေးနှင့် ဆည်မြောင်းလမ်းကြီးဌာန မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းမှ သုတေသနပြု ထုတ်လုပ်သည့် ဌေချည်(၆) ချည်မျှင်ရှည်ဝါမျိုးသည် ချည်မျှင်ရှည်၍ အထွက်နှုန်းကောင်းသော ဝါမျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထုတ်လုပ်နိုင်ပြီ ဖြစ်သည်။ အထည်အလိပ် စက်မှုလုပ်ငန်းအတွက် ကုန်ကြမ်းအဖြစ် ပြည်တွင်း ချည်မျှင်ရှည်ဝါဂွမ်းများကို အသုံးပြုနိုင်ခြင်းကြောင့် ပြည်တွင်းရှိ စက်ရုံအလုပ်ရုံများမှ ပြည်တွင်းဖြစ် ချည်ချောထည်များကို ရာနှုန်းပြည့် ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည်။

တင်ပို့နိုင်

ပြည်သူလူထုအတွက် အဆင့်မြင့် အဝတ်အထည်များကို ဈေးနှုန်း ချိသာစွာ ပြည့်ဆည်းပေးနိုင်ခြင်း၊ ဝါသီးနှံကိုအခြေပြုလုပ်ကိုင်ရသည့် စက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်များ ဖွံ့ဖြိုးလာစေခြင်း၊ ဝါစိုက်တောင်သူများ အတွက် အထွက်နှုန်းကောင်းသီးနှံ စိုက်ပျိုးနိုင်ပြီး ဝင်ငွေ ထိုက်ထိုက်တန်တန် ရရှိနိုင်၍ လူနေမှုမြင့်မားလာစေခြင်း၊ နိုင်ငံတော်အနေဖြင့် ယခင်က ချည်ချောထည်အတွက် လိုအပ်သည့်ကုန်ကြမ်း (ချည်မျှင်ရှည်ဝါဂွမ်း)ကို ပြည်ပမှ တင်သွင်းခဲ့ရသည့်အခြေအနေမှ ပြည်ပသို့ ဌေချည်(၆)ချည်မျှင်ရှည်ဝါ တင်ပို့နိုင်သဖြင့် နိုင်ငံခြားငွေတိုးတက်ရရှိခြင်း စသည့် အာဂါဘက်မှ တိုးတက်ကောင်းမွန်သည့် အခြေအနေ အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ မြန်မာ့ဝါသည် နိုင်ငံဘဏ္ဍာဖြစ်ခဲ့ချေပြီ။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်း လက်အောက်ရှိ ချည်မျှင်နှင့်အထည်စက်ရုံများမှ ချည်ချောထည် အကောင်းစားများ ရက်လုပ်ရန် ၁/၄၀ချည်မျှင်များထုတ်လုပ်နိုင်မည့် အဆင့်မီ ချည်မျှင်ရှည်ဝါဂွမ်းများကို ပြည်ပမှ မှာယူတင်သွင်း၍ ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သည့် အခြားချည်မျှင်ရှည်ဝါဂွမ်း (၃၀မာ- ဌေချည်-၄)နှင့် သင့်တင့်သော အချိုးအစားအရ ရောစပ်ထုတ်လုပ်ခဲ့ရသည်။ ဌေချည်(၆) ချည်မျှင်ရှည်ဝါကို မျိုးစပ်ဝီတွင်း၍ နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်သည့် ယခု အချိန်တွင် ယခင်ပြည်ပမှ တင်သွင်းခဲ့သည့် ချည်မျှင်ရှည်ဝါဂွမ်းကို ပြည်တွင်း ၌ပင် ကြိတ်ခွဲထုတ်လုပ် အသုံးပြုနိုင်ပြီ ဖြစ်သည်။ ဝါစိုက်တောင်သူများအနေဖြင့် ဌေချည်(၆) ဝါကိုပင် မျိုးကောင်းမျိုးသန့်, ရွေးချယ်စိုက်ပျိုးပြီး နည်းစနစ်မှန်ကန်စွာ ပြုစုခြင်း၊ ထွက်ရှိလာသော ဝါပေါက်များကို စနစ်တကျ ဆွတ်ခူး

ဂွမ်းမွေးအရည်သတ်မှတ်ချက် — အဆင့် — ထုတ်လုပ်နိုင်သည့် ချည်နံပါတ်နှင့်အထည်

(၃၆/၃၂)လက်မနှင့်အထက်	˚အေ˚	၁/၄၀ချည်(ချည်ချောလုံချည်/ပေါ်ပလင်ပန်းရိုက်ထည်)
(၃၄/၃၂)လက်မနှင့်(၃၂/၃၂) လက်မအတွင်း	˚ဘီ˚	၁/၃၂ချည်(ပေါ်ပလင်သက်နံ၃)
(၃၂/၃၂)လက်မနှင့်(၃၀/၃၂) လက်မအတွင်း	˚စီ˚	၁/၂၁ချည်နှင့် ၁/၁၆ချည် (ချည်ကြမ်းလုံချည်/ချည်စောင်) ၁/၁၀ချည်နှင့် ၁/၇ ချည် (ဂျင်းအဝတ်အထည်များ)

စစ်ဆေးဝယ်ယူ

ဝါများကို အမျှင်တို၊ အမျှင်ရှည် ရောနှောရောင်းချပါက တိုင်းတာ စစ်ဆေးရာတွင် အမျှင်တိုဝါများ ပါဝင်နေသည်ကို တွေ့ရှိမည်ဖြစ်၍ အမျှင်ရှည်ဝါများ တိုင်းတာရရှိသည့် အဆင့်အတန်းအတိုင်း ဈေးအပြည့်အဝ မရရှိနိုင်သဖြင့် တောင်သူအတွက် နစ်နာလုပါသည်။ ချည်မျှင်အရှည်နှင့်အတို ရောနှောနေပါကလည်း အဆင့်မြင့် အဝတ်အထည်ရက်လုပ်၍ မရနိုင်သောကြောင့် ဝါအဝယ်ဒိုင်များတွင် စနစ်တကျ လေ့ကျင့်ပေးထားသည့် အရည်အသွေး

ဌေချည်(၆) ဝါများကို ဤသို့ ဆွတ်ခူးကြရသည်။ (စက်မှု-၁)

စစ်ဆေးသူများ၊ ခေတ်မီတိုင်းတာရေး ကိရိယာများထားရှိ၍ စစ်ဆေးဝယ်ယူရပါသည်။ ဝါစိုက်တောင်သူများအနေဖြင့် မိမိရောင်းချသည့် ဝါများ သတ်မှတ်အရည်အသွေးအတိုင်း မှန်မှန်ကန်ကန်ရှိမှသာ ထိုက်တန်သည့် ဈေးနှုန်းရရှိမည်ဖြစ်သည်ကို အထူးဂရုပြုရန် လိုအပ်ပေသည်။

ဌေချည်(၆) ဝါသည် ဝါအရည်အသွေးထိန်းကိုက်စေသည့် ပန်းရောင်သီးလုံးဖောက်ပိုး ကျရောက်မှုမှ ကင်းဝေးသဖြင့် အခြားဝါမျိုးများထက် ကျယ်ဝါနှင့် အရောင်စွန်းပါဝင်မှု နည်းပါးပါသည်။ သို့သော် ဝါဂွမ်း ပိုးနီကျရောက်ခြင်းကို ထိရောက်စွာ ကာကွယ်နိမ့်နင်းရန် လိုအပ်သည်။ ရာသီဥတုနှင့် ပြုစုမှုလိုအပ်ချက်များကြောင့် ကျယ်ဝါနှင့် အရောင်စွန်းများ ပါဝင်နိုင်သည်။ ဝါနှိုင်တွင် ရောင်းချရန်အတွက် ကောက်သိမ်းပြီးဝါများကို ခြောက်သွေ့စေရန် နေလုန်းခြင်း၊ အရောင်စွန်းနှင့် ကျယ်ဝါ (ဂွမ်းမွေးဖွာမနေဘဲ လုံးကျစ်သော ဝါပေါက်)များ ဖယ်ရှားခြင်း၊ အမှိုက်များဖယ်ထုတ်ခြင်းတို့ကို တောင်သူများက ကြိုတင်ပြင်ဆင်လာခဲ့ရန် လိုအပ်သည်။ သို့မှသာ ချိန်တွယ်စစ်ဆေးရောင်းချမှု မြန်ဆန်မည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ၀ါအဝယ်ဒိုင်များအနေဖြင့် ပြည်ပပို့အဆင့်နှင့် ပြည်တွင်းစက်ရုံသုံး ချည်မျှင်ရှည် ဝါဂွမ်းသန့်အဆင့်ရရှိရေးအတွက် မျိုးကွဲပါဝင်မှု (တစ်ရာခိုင်နှုန်းထက် မပိုစေရေး)၊ အရောင်ပျက် အစွန်းအထင်းပါဝင်မှု (တစ်ရာခိုင်နှုန်းထက် မပိုစေရေး)၊ အမှိုက်များပါဝင်မှု (တစ်ရာခိုင်နှုန်းထက် မပိုစေရေး)၊ ကျယ်ပါဝင်မှု (၁၁သမ ၅ရာခိုင်နှုန်းထက် မပိုစေရေး)၊ အရှိတတ်ပါဝင်မှု (ရှစ်ရာခိုင်နှုန်းထက် မပိုစေရေး)တို့အတွက် စစ်ဆေးယူလေ့ကျက်ရှိသည်။

အရိုတ်

ဝါ၌အရိုတ်သတ်မှတ်ရာခိုင်နှုန်းထက် ပိုမိ
ရာ၌ အလျင်အမြန် ပျက်စီးစေသည်။ ထို့ကြောင့်
အရိုတ်တိုင်းကိရိယာဖြင့် စစ်ဆေးဝယ်ယူမည်ဖြ
သတ်မှတ်ရာခိုင်နှုန်းထက် ပိုမိုများပြားနေပါက
တောင်သူထံမှ အလေးချိန်အပိုဆောင်း ဖြတ်တော
ဖြတ်တောက်ရမည့် အလေးချိန်ကိုလည်း စနစ်
ဖြတ်တောက်နှုန်းထားများမှာ အောက်ပါအတိုင်း

စဉ်	တိုင်းတာရရှိသည့် အရိုတ်	ပိသာဘဝ
(က)	၈-၉	၈ ဘ
(ခ)	၉-၁၀	၉ ဘ
(ဂ)	၁၀-၁၁	၉ ဘ
(ဃ)	၁၁-၁၂	၁၀ ဘ
(င)	၁၂-၁၃	၁၁ ဘ

မှတ်ချက်။ အရိုတ် ရှစ်ရာခိုင်နှုန်
ဖြတ်တောက်ခြင်း မပြု

အောင်မြင်ဖြစ်ထွန်းနေသော ဌေချည်(၆)ဝါစိ

အစိုဓာတ်

ဝါ၌အစိုဓာတ်သတ်မှတ်ရာခိုင်နှုန်းထက် ပိုမိုပါရှိလာခြင်းသည် သိလှောင်ရာ၌ အလွင်အမြန် ဖျက်စီးစေသည်။ ထို့ကြောင့် ဝါအဝယ်ဒိုင်များအနေဖြင့် အစိုဓာတ်တိုင်းကိုရယာဖြင့် စစ်ဆေးဝယ်ယူမည်ဖြစ်သည်။ အစိုဓာတ်ပါဝင်မှု သတ်မှတ်ရာခိုင်နှုန်းထက် ပိုမိုများပြားနေပါက နေလုန်း အလျှောအတွက် တောင်သူထံမှ အလေးချိန်အပိုဆောင်း ဖြတ်တောက် ဝယ်ယူလျက်ရှိသည်။ ဖြတ်တောက်ရမည့် အလေးချိန်ကိုလည်း စနစ်တကျ တွက်ချက်ထားရာ ဖြတ်တောက်နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	တိုင်းတာရရှိသည့် အစိုဓာတ်	ပိသာသဝဝတွင် ဖြတ်တောက်ရမည့် ဝါ(ပိသာ)
(က)	၈-၉	၈ ဒသမ ၂၅ ပိသာ
(ခ)	၉-၁၀	၉ ဒသမ ၀၉ ပိသာ
(ဂ)	၁၀-၁၁	၉ ဒသမ ၉၀ ပိသာ
(ဃ)	၁၁-၁၂	၁၀ ဒသမ ၇၁ ပိသာ
(င)	၁၂-၁၃	၁၁ ဒသမ ၅၁ ပိသာ

မှတ်ချက်။ အစိုဓာတ် ရာခိုင်နှုန်းနှင့်အောက်ရှိပါက လုံးဝ ဖြတ်တောက်ခြင်း မပြုပါ။

(မူ-၁)

အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းတွင် အရည်အသွေးမြင့် ရည်ရွယ်ထည်များ ထုတ်လုပ်သုံးစွဲနိုင်ရန်၊ ပိုလျှံသော ဝါပွမ်းများကို ပြည်ပသို့ အရည်အသွေး မီစွာ တင်ပို့နိုင်ရန်နှင့် တောင်သူများအား အရည်အသွေးအလိုက် ဝါဆွတ်ခူး ရောင်းချမှုကို အလေ့အကျင့်ရှိစေလျက် မျိုးကောင်းမျိုးသန့် ရည်မျှင်ရှည်ဝါများ ပိုမိုထွက်ရှိစေရေး ကြိုးစားလုပ်ကိုင်စေရန်ရည်ရွယ်၍ အရည်အသွေးမှန်ကန်သည့် ဝါများကို အဆင့်အတန်းသုံးမျိုးခွဲခြားပြီး ဈေးကောင်းပေး ဝယ်ယူနေခြင်းသည် ဝါစိုက်တောင်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။

အကျိုးဖြစ်ထွန်း

မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော ဌေရည်(၆) ရည်မျှင်ရှည်ဝါသည် ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သည့် အထည်ကုန်ကြမ်းသီးနှံများတွင် အရည်အသွေးအကောင်းဆုံး၊ ဝါစိုက်ပျိုးသည့်တောင်သူများအတွက် စီးပွားရေး တွက်ခြေအကိုက်ဆုံး သီးနှံဖြစ်ပြီး မိုးကြိ၊ မိုးစိုက်၊ မိုးနှောင်း (ဝါစိုက်ရာသီ သုံးမျိုးလုံး) စိုက်ပျိုးနိုင်သည်။ ဝါစိုက်တောင်သူများအနေဖြင့် ဌေရည်(၆) ရည်မျှင်ရှည်ဝါကို စနစ်တကျ စိုက်ပျိုးပြုစုခြင်း၊ ဂရတစိုက် ဆွတ်ခူးခြင်းနှင့် အရည်အသွေးမှန်ကန်စေရန် သန့်စင်ရောင်းချခြင်းတို့ဖြင့် ဈေးကောင်းရရှိနိုင်မည်ဖြစ်ပြီး တောင်သူနှင့်နိုင်ငံတော် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

(မြန်မာ့အလင်း)

အောင်မြင်ဖြစ်ထွန်းနေသော ဌေရည်(၆)ဝါစိုက်ခင်းများ။ (စက်မှု-၁)

သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းမှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပန်းလွှင် မြစ်ကူးတံတားအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပန်းလွှင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်သွယ်တန်းရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

နေပြည်တော် နိုဝင်ဘာ ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၃ရက်တွင် ရန်ကုန်မြို့၊ ပန်းလွှင်မြစ်ကူးတံတားအနီး၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပန်းလွှင်မြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တူးဖောက်သွယ်တန်းရန် စက်ယန္တရားများ ပြင်ဆင်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက HDD (Horizontal Directional Drilling) စက်ဖြင့် ပန်းလွှင်မြစ်အောက်မှ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း တူးဖောက်ဆက်သွယ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက Technically စုစုပေါင်းသောချာစွာ ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတိုင်း လုပ်ငန်း အောင်မြင်ချောမွေ့စွာ ပြီးစီးရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပန်းလွှင်မြစ်နှင့် တွဲတေးတူးမြောင်းအကြား ဆောင်ရွက်လျက်ရှိသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းနေမှုလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပ

ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုး ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံတွင်အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၇

ဒသမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဆောင်ရွက်ပြီး အမှဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ တိုင်းရင်းဆေး ကောင်စီဝင် ဦးလှဌေး၊ ဦးဝထွန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ဦးမောင်ဥာဏ်တို့က ဆောင်ရွက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ရှာဖွေဖော်ထုတ်

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်များက အဆိုပြုချက်များ ဖတ်ကြားတင်သွင်း၍ ထောက်ခံဆွေးနွေးကြရာ ရန်ကုန်တိုင်းမှ ဦးမြင့်သောင်းက "ရှားပေါသောဆေးကျမ်း၊ ပေ၊ ပုရပိုက်များပါ အစွမ်းထက်ဆေးနည်းများကိုရှာဖွေဖော်ထုတ်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်ရန်" အဆိုပြုချက်ကို ဖတ်ကြားတင်သွင်းပြီး ကရင်ပြည်နယ်မှ နော်အေးအေးသင်းက ထောက်ခံဆွေးနွေးသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် မန္တလေးတိုင်းမှ ဦးတင်ဝင်းက "ဆေးဖက်ဝင် အပင်များ ရှားပါးမှုအန္တရာယ်မှ ကာကွယ်ရေးအတွက် ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်းနှင့် စနစ်တကျရိတ်သိမ်းစုဆောင်းခြင်းလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ရန်" အဆိုကို ဖတ်ကြားတင်သွင်းပြီး မွန်ပြည်နယ်မှ ဦးစောလှထူးကျော်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် မန္တလေးတိုင်းမှ ဒေါက်တာမေကျော့ခိုင်က "ဒေသအလိုက် အခေါ်အဝေါ်ကွဲပြားနေသည့် ပရဆေးပင်များကို ရှာဖွေဖော်ထုတ်၍ အများပြည်သူ နားလည်သိရှိနိုင်ရေး အတွက် ပညာရှင်များက ညီနှိုင်း သတ်မှတ်ဖော်ထုတ်ပေးရန်" အဆိုပြုချက်ကို ဖတ်ကြား တင်သွင်းပြီး တနင်္သာရီတိုင်းမှ ဦးတင်ဝင်းက ထောက်ခံဆွေးနွေးသည်။

ဆောင်ရွက်

ဆက်လက်၍ မွန်းလွဲပိုင်း အစီအစဉ်များကို ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွှန့်က ဆောင်ရွက်ပြီး အမှဲ့ဝင်များအဖြစ် တိုင်းရင်းဆေး ကောင်စီဝင် ဦးသန်းညွှန့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်းမှ ဦးခင်မောင်ရွှေ၊ ဦးမိုး နှင့် ဦးကြည်တို့က ဆောင်ရွက်ကြသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် မန္တလေးတိုင်းမှ ဦးအောင်ထပ်က "ကျေးလက်နေ ပြည်သူများအတွက် တိုင်းရင်းဆေးဖြင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်" အဆိုပြုချက်ကို ပဲခူးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဒေါ်ခင်သိန်းဌေးဦးက ထောက်ခံ ဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ်မှ ဦးသစ်လွင်က "တိုင်းရင်းဆေး ကောင်စီဝင်က ချမှတ်ထားသော တိုင်းရင်းဆေး သမားတော်များ အတွက် စည်းကမ်းနှင့်ကျင့်ဝတ်များကို တိုင်းရင်းဆေးပညာရှင်များက ပိုင်းဝန်း စောင့်စည်းထိန်းသိမ်းရန်" အဆိုပြုချက်ကို ဖတ်ကြားတင်သွင်းပြီး သစ်တောရေးရာဝန်ကြီးဌာနမှ ဒေါ်ဂီရီဟန်က ထောက်ခံ ဆွေးနွေးသည်။

ယင်းနောက် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။ ညီလာခံကို နိုဝင်ဘာ ၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် အာရှ U-19 ဘောလုံးခြေစစ်ပြိုင်ပွဲနှင့် အာရှ U-16 အမျိုးသမီး ဘောလုံးပြိုင်ပွဲ

ရန်ကုန် နိုဝင်ဘာ ၇

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူး ကျင်းပသော ၂၀၁၀ခုနှစ် U-19 ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ဘောလုံးပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ZIBO Sports Centre)၌လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာရှ U-16 အမျိုးသမီး ဘောလုံးပြိုင်ပွဲကိုလည်းကောင်း ကျင်းပလျက်ရှိရာ မြန်မာလူငယ် အမျိုးသား ဘောလုံးအသင်းနှင့် မြန်မာလူငယ် အမျိုးသမီး ဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ရှုံးနိမ့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ZIBO Sports Centre)၌ နိုဝင်ဘာ ၆ရက်တွင် ကျင်းပခဲ့သော ပြိုင်ပွဲတွင် မြန်မာအသင်းက အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံအသင်းကို နှစ်ဝိုး-ဝိုးမရှိဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၆ရက်တွင် ကျင်းပသော ပြိုင်ပွဲတွင် မြန်မာလူငယ် အမျိုးသမီး ဘောလုံးအသင်းက မြောက်ကိုရီးယား ဘောလုံးအသင်းကို ခုနစ်ဝိုး-ဝိုးမရှိဖြင့် လည်းကောင်း ရှုံးနိမ့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ဗိုလိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များစီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

(၈၉) နှစ်မြောက် အမျိုးသားနေ့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် (၁၁-၁၁-၂၀၀၉)

(၈၉) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်နိုင်မာရေးနှင့် အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေး၊
- ★ အမျိုးသားပညာရည်မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းကြောင်း ခုနှစ်ရပ် ဆောင်မြင်ရေး။

အေးရှားဝေါလ်ဆိပ်ကမ်း၌ တံတားသံပေါင်ရောက်ရှိမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းသည် ရန်ကုန်မြို့ အေးရှားဝေါလ် ဆိပ်ကမ်း၌ A.A. Global Co., Ltd. က တင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Jiao Chang သင်္ဘောဖြင့် ရောက်ရှိလာသော R.S.J သံပေါင်းများ သင်္ဘောပေါ်မှ တင်ချနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အမေါ်ပုံ)**

ဆက်လက်သယ်ဆောင်

အဆိုပါ R.S.J သံပေါင်းများမှာ စုစုပေါင်း ၃၆၁ တန်၊ စုစုပေါင်း ၂၉၅ ချောင်းရှိပြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးကိုးတက်မှုမီမံကိန်းရှိ တံတား ၁၂စင်းအတွက် ရွေးချိုးအောင် C.B တွဲဖြင့် ဧရာဝတီတိုင်းသို့ ဆက်လက်သယ်ဆောင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်စက်မှုလက်မှုအထက အာဇရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၇

မော်လမြိုင်စက်မှုလက်မှုအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အင်ဦးစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို လာမည့် ဒီဇင်ဘာ ၁၂ရက် (စနေနေ့) နံနက် စနာရီမှ မွန်းတည့် ၁နာရီ အထိ ရွှေတိုင်ုဆေတီတော်အနောက်ဘက်မှ၌ မော်လမြိုင်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ အဋ္ဌမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံစားပွဲသို့ မဖျက်မကွက် တက်ရောက် ကြပါရန်နှင့် အလျှင်အမြန် လျှောက်ထားပစ္စည်းများ ပါဝင်လျှပ်ဒါန်းလိုပါက ဆရာဦးဥာဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၇၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁၄-၀၉၁၆၊ ဦးထွန်းလွင် ဖုန်း-၀၉-၅၁၅-၄၁၄၅၊ ဦးမင်းရွှေသန်း ဖုန်း-၆၈၄၄၁၉၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁၆-၉၆၂၃၊ ၆၈၀၂၂၆နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁၇-၇၂၅၅တို့သို့ ဆက်သွယ်လျှပ်ဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပရီမိယာကော်ဖီ တေးသံရှင်ရွှေးချယ်ပွဲများ ကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၇

Premier Coffee Company နှင့် Ginsetin ကိုရီးယားကျင်းဆင်း အားဆေးတို့ကကြီးမှူး၍ Premier Coffee တေးသံရှင်ရွေးချယ်ပွဲနှင့် အလှမယ်ရွေးချယ်ပွဲ အပိုင်း(၁/၂/၃/၄/၅)ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး အပိုင်း(၆/၇)ကို မုံရွာ၊ ရွှေဘို၊ ကောလင်း၊ မြစ်ကြီးနား၊ ဝန်းမော်၊ မူဆယ်၊ လားရှိုး၊ တောင်ကြီး၊ ကလောနှင့် ကျောက်ဆည်စသည့် မြို့ ၁၀မြို့၌ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

အကဲဖြတ်ဘိုင်းအဖြစ် တေးရေးနောင် နောင်(Sun Flower)က ဆောင်ရွက်ပြီး အဆိုတော်များဖြစ်ကြသော နိုင်ရွှေဝါ၊ နောင်နောင်၊ အောင်ခန့်နှင့် ခူလိုင်၊ Melody World တို့က ပါဝင်ကူညီသီဆိုဖျော်ဖြေခဲ့ကြသည်။

ပြိုင်ပွဲဆုရရှိသူများအား ရန်ကုန်မြို့ Capital Hypermarket ၌ အခမ်းအနားဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြန်လည်ရွေးချယ်သွားမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့်မြို့များ၌ Premier Coffee ချစ်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နယ်ကိုယ်စားလှယ်များ စည်ကားသိုက်မြိုက်စွာ လာရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းက ကျင်းပသော ၂၀၀၉ခုနှစ်(၁၄)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြန်မာဂေါက်သီးရိုက်အသင်း ဥမ္မင်ပြည်လမ်း၌ ကျင်းပရာ ရေးဦးစွာ မြန်မာဂေါက်သီးရိုက်အသင်း အမှုဆောင် ဦးချို အောင်က ပြိုင်ပွဲအတွက် ဆုများနှင့် အလှူရှင်များကို ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ဦးခွန်မြတ်က လက်ခံသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်းမှ အမှုဆောင် ဦးချိုအောင်က အမျိုးသမီး(၁၂ခုစီအောက်) သက်တန်းပြိုင်ပွဲတွင် နှစ်သိမ်ဆုရရှိသူ သုံးဆုနှင့် ပဋမရရှိသော နန်းယဉ်မြတ်သွယ်၊ စတုတ္ထရရှိသော ပွင့်ဖူးနီခိုင်၊ တတိယရရှိသော ဓေသင်းခိုင်၊ ဒုတိယရရှိသော ဝင့်ဖူးနီအောင်နှင့် ပဋမရရှိသော ရွှမဝင်းမြင့်တို့အားလည်း ကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးအောင်ဖေက အမျိုးသား အသက်(၁၀-၁၂)နှစ် သက်တန်းပြိုင်ပွဲတွင် နှစ်သိမ်ဆုင်းဆုနှင့် ပဋမရရှိသော ထွန်းဆောင်ခိုင်၊ စတုတ္ထရရှိသော မင်းစစ်သွေး၊ တတိယရရှိသော သန်းထွန်းဆောင်၊ ဒုတိယရရှိသော အောင်ဆန်းမျိုးနှင့် ပဋမရရှိသော ဝင်းဖြိုးတို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌဖိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)က အမျိုးသား အသက်(၁၃-၁၅)နှစ်သက်တန်းပြိုင်ပွဲတွင် နှစ်သိမ်ဆုဘ၊ ဒုတိယ ဆုနှင့် ပဋမရရှိသော အောင်ပြည်စုံခန့်၊ စတုတ္ထရရှိသော အောင်ချစ်မင်း၊ တတိယ ရရှိသော စည်သူရဲရဏ်၊ ဒုတိယရရှိသော ဝေယလင်းနှင့် ပဋမရရှိသော မင်းနိုင်စိုး တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမျိုးသားအသက်(၁၆-၂၀)နှစ် သက်တန်း ပြိုင်ပွဲတွင် နှစ်သိမ်ဆုင်းဆုနှင့် ပဋမရရှိသော ကောင်းမိုးထွန်း၊ စတုတ္ထရရှိသော ရဲထက်အောင်၊ တတိယရရှိသော ဆေးမင်းထိုက်၊ ဒုတိယရရှိသောဘုဏ်လင်းနှင့် ပဋမရရှိသော ဝင်းထက်ကျော်တို့အားလည်း ကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်း(၁၄)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် Han Golf Masters Pte. Ltd. က ဆုဖလားများကိုလည်းကောင်း၊ KM Golf Centre, Double Eagle Golf, Standard House Golf, Mr. Golfer Golf Service, Transview Golf Center တို့က ဂေါက်သီးရိုက်ပစ္စည်းများကိုလည်း ကောင်း ကူညီပံ့ပိုး၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ဦးခွန်မြတ်၊ ဦးချစ်ဆေ၊ ဦးဝင်းနိုင်ထွန်း၊ ဦးအောင်မြင့်ဦး၊ ကသစ်မှင့်နှင့် ရွှေသွေးစားသောက်ဆိုင်တို့က ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြပြီး ပြိုင်ပွဲဖြစ်မြောက် ဆောင်မြင်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်းနှင့် Han Event Management တို့က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအပြီးတွင် ဓာတ်ပုံရိုက်ကြစဉ်။ (မြန်မာဂေါက်ကလပ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရန်နေ့

လစဉ် လ၏ဒုတိယဟတ် (တနင်္ဂနေ့)နှင့် နောက်ဆုံးဟတ် (တနင်္ဂနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန်ဖြစ်သည်။

၂၀၀၉ခုနှစ် နိုဝင်ဘာလအတွက်

(၈-၁၁-၂၀၀၉ ရက်နေ့)

နှင့်

(၂၉-၁၁-၂၀၀၉ ရက်နေ့)

MCPA Exam အကြောင်းသိကောင်းစရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၇

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ ယနေ့ခေတ် IT Industry ၏လိုအပ်ချက်နှင့်အညီ အရည်အချင်းပြည့်ဝသော ITပညာရှင်များပေါ်ထွက်လာရန် ရည်ရွယ်၍ MCPA Exam အကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးစံရှင်ပင်းက နိုဝင်ဘာ ၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း (၂၀၅)တွင် ဆွေးနွေးဟောပြောမည် ဖြစ်သည်။

လက်ဆွေလုပ်ကိုင်

အဆိုပါဆွေးနွေးပွဲသို့ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ၊ ကွန်ပျူတာ တတ္တသိလ်နှင့် နည်းပညာတတ္တသိလ် ကျောင်းသား ကျောင်းသူများ၊ IT နယ်ပယ်တွင် လက်ဆွေလုပ်ကိုင်နေသူများနှင့် စိတ်ပါဝင်စားသူပည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်များနှင့်ဓက်မှူလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် တရုတ်နိုင်ငံ ဒယ်ဟုန်ပြည်နယ် စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ဆောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် ဦးထွန်းအောင်၊ တွဲဖက် အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဦးမြင့်စိုးနှင့် ဒေါက်တာမျိုးသက်တို့ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒယ်ဟုန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဦးဆောင်ညွှန်ကြားရေးမှူး Mr. He Hai ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၄ ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ (ယာဝို)

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယုန်နန်ပြည်နယ် ရွှေလီမြို့၌ ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပမည့် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ကုန်စည်ပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ကိစ္စ၊ နှစ်နိုင်ငံ အမြန်အလှန် ကုန်စည်ရောင်းဝယ်ရေးတွင် ငွေပေးချေမှုပြုရာ၌ ဘဏ်စနစ်ဖြင့် ကျွင့်သုံးရေးနှင့် ဘဏ်လုပ်ငန်းစနစ်ကို အမြန်သုံးအကောင်အထည်ဖော်နိုင်ရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက အသင်းချုပ်က ကူညီပံ့ပိုးပေးမည်ကိစ္စ၊ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုဖြင့် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် နယ်စပ်ကုန်သွယ်မှုဖြုံ့ရာတွင် အဆင်ပြေချောမွေ့မှုရှိပြီး ပိုမိုဖွံ့ဖြိုးလာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စများကို ရင်းနှီးမှင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ကျောက်မျက်တို့၏ အရောင်းအဆင့်အတန်းကို ပတ္တမြား၊ နီလာနှင့် ကျောက်စိမ်းကို ပုံစံပြု၍ ဒီဇိုင်းတယ်နည်းဖြင့် စစ်ဆေးသတ်မှတ်ခြင်းဆိုင်ရာ သိကောင်းစရာများ ဟောပြောပို့ချပွဲကို အောက်တိုဘာ ၁၇ ရက်က ရန်ကုန်မြို့ စင်တရယ်ဟိုတယ်၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

AFC President's Cup ပြိုင်ပွဲတွင် ကမ္ဘောဇတိုက်စစ်မျိုးစိုးမင်းဦး ရွှေဖိနပ်ဆုရရှိ

ရန်ကုန် နိုဝင်ဘာ ၇

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကြီးမှူးကျင်းပခဲ့သည့် ၂၀၀၉ခုနှစ် AFC President's Cupပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သောမြန်မာနိုင်ငံကိုယ်စားပြုကမ္ဘောဇ ဘောလုံးအသင်းမှ တိုက်စစ်မှူး စိုးမင်းဦးသည် ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံး ရွေဖိနပ်ဆု ဆွတ်ခူးရရှိခဲ့သည်။ (ယာဝို)

ကမ္ဘောဇအသင်းတိုက်စစ်မှူး စိုးမင်းဦးသည် ပြိုင်ပွဲတစ်လျှောက် စုစုပေါင်းခြောက်ဂိုးသွင်းယူကာ ဂိုးသွင်းအများဆုံး ဆုရရှိခဲ့ခြင်းလည်း ဖြစ်သည်။ စိုးမင်းဦးသည် အုပ်စုပွဲစဉ်များတွင် ကမ္ဘောဒီးယား ကလပ်ဖနောင်ပင်ကရောင်းနှင့်ပွဲတွင် ဟက်ထရစ်(သုံးဂိုး)၊ ဘူလ်တန်ကလပ် ရိပ်ခင်အသင်းနှင့်ပွဲတွင် နှစ်ဂိုး၊ အိမ်ရှင်ကာဂျစ်စတန်ကလပ် ဒုဒ္ဓါင်းဒိုင် နမိုးအသင်းနှင့်ပွဲတွင် တစ်ဂိုး တို့သွင်းယူခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းသည် အဆိုပါပြိုင်ပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ်ရရှိကာ အကြိုဗိုလ်လုပွဲနှင့် ဝေးခဲ့ရသည်။ ကမ္ဘောဇအသင်း၏ တိုက်စစ်မှူး တစ်ဦးဖြစ်သူ ကျော်သီဟမှာလည်း ၂၀၀၈ ခုနှစ် AFC President's Cup ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးဆုကို ဆွတ်ခူးရရှိခဲ့သည်။ (မြန်မာ့အလင်း)

နယ်လှည့်ပညာပေးဟောပြော

အောက်တိုဘာ ၂၃ ရက်က လမ်းဟော်မြို့နယ် အထက(၂)၌ မျိုးဆက်သစ်လူငယ်များ အသိပညာနှင့် နည်းပညာရပ်များ တိုးတက်မြင့်မားရေးအတွက် နယ်လှည့်ပညာပေးဟောပြောပွဲကို ကျင်းပရာ မြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ရန်ကုန် အရှေ့ဂက်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပညာပြိုင်ကြရမည့်ခေတ် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (မြို့နယ် မြန်/ဆက်)

ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ

* ဆီးချိုသွေးချိုရောဂါအန္တရာယ်သည် လူတိုင်းမှာ ဖြစ်နိုင်ပါသည်။
* ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ ရှိ/မရှိ သတိထားကြည့်နေရန်လိုအပ်ပါသည်။
  * ဆီးခဏခဏသွားခြင်း
  * ဗိတ်အာရုံစူးစိုက်မှုမရှိခြင်း၊
  * ရေအင်တာလွန်ခြင်း၊
  * အနီခြင်း၊
  * ဆာလောင်မွတ်သိပ်နေခြင်း၊
  * ဗိုက်နာခြင်း၊
  * ပိန်သွားခြင်း၊
  * ခြေလက်များထုံခြင်း၊ ကျဉ်ခြင်း၊
  * နုံးချည့်နေခြင်း၊
  * အမြင်အာရုံဝါးခြင်း၊
  * ပတ်ဝန်းကျင်အားစိတ်ဝင်စားမှု မရှိခြင်း၊
  * အနာများမကြာခဏပေါက်ခြင်း၊
  * အနာကျက်ခဲခြင်း၊
* ၄င်းသတိပေးလက္ခဏာများ သိသာထင်ရှားစွာမရှိဘဲလည်း အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါဖြစ်နေနိုင်ပါသည်။
* တစ်နေ့လျှင် မိနစ် ၃၀၆နှ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်း ၄၀% လျော့နည်းစေနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၇

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် ထမန်နေ့က အလှူငွေပေးအပ်ပွဲ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီက ငွေကျပ် ၅၀၀၀၀၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီက ငွေကျပ် ၂၀၀၀၀၊ ဦးမောင်မောင်အေး(မောင်ဟောမ)အလက်သ ဝတ်ရည် စာပေဂီတ အနုပညာလုပ်ငန်းဝိသားစုက ငွေကျပ် ၁၃၀၀၀၀၊ ဦးလှထွန်း(လှထွန်း-တွံကေး)-ဒေါ်ညွှန့်ညွှန်သန်း(ဟိုတယ်ခရီး) တို့က ငွေကျပ် ၆၀၀၀၀၊ ဦးခင်ဧော (ခင်ဧော်မရမ်းကုန်း)ကငွေကျပ် ၆၀၀၀၀ နှင့် ငွေကျပ် တစ်သိန်းငါးသောင်း တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၁၅၀၊ အရာခံဝိုလ် ယဉ်ထွေးမင်း (ကိုထွေး-ကလော ဂျီတီ ဆိုင်)-ဒေါ်လှကျော်ခိုင် မိသားစုက ငွေကျပ် ၄၀၀၀၀၊ ဦးဟန်ညွန့် (ဟန်ညွန့်-ဥပဒေ)(ညွှန်ကြားရေးမှူးချုပ်)၊ ရှေ့နေချုပ်ရုံး)-ဒေါ်စန်းမြင့် (ညည်ယဉ်-ဒိုက်ဒီး) တို့က ငွေကျပ် ၃၀၀၀၀၊ ဦးကျော်ညွန့်ရည် (ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)တို့က ငွေကျပ်၂၀၀၀၀ ဦးထွန်းရှိန်နှင့် သန်းဝင်းမိုးနစာပေကိုက်မိသားစုက ငွေကျပ် ၁၂၀၀၀ တို့ကို ပေးအလှူဒါန်း ကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်(ကိုဆောင်း)၊ ဒုတိယ ဥက္ကဋ္ဌ(၁)ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်း-ဦး)နှင့် တာဝန်ရှိသူ တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ မြန်လည်ပေးအပ်ကြသည်။

လှူဒါန်း

အလှူငွေနှင်းအလှူပစ္စည်းများလှူဒါန်း လိုပါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၇၊ ၃၃ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် စာပေဗိမာန် ဒုတိယထပ် ဖုန်း-၀၁-၂၅၂၁၇၊ ၀၁-၃၈၅၂၇ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မိုးသောက်ပန်းဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၇

မြဝတီစာပေတို့က်မ အင်္ဂနေ့တိုင်း ဖြန့်ဖိုထုတ်ဝေလျက်ရှိသော မိုးသောက်ပန်း ဂျာနယ် အတွဲ(၁၂)၊ အမှတ်(၃၅)ကို နိုဝင်ဘာ ၁၀ရက်(အင်္ဂနေ့)တွင် ထုတ်ဝေဖြန့်ချိ မည်ဖြစ်သည်။ ယခုအပတ်ဂျာနယ်တွင် ကာတွန်းတင်ဆောင်နီ၏ ပြာကလောင်ပြာလ ချောင် ပါဝင်သော ဖေဆော်ဂို၊ ကာတွန်း သန့်ခင်၏ ဘဲဥ၊ ကာတွန်း မောင်မောင် ညက်၏ အစားငမ်းမိလို့၊ ကာတွန်းရွှေကိုဦး၏ ရေးနေလ၊ ကာတွန်းမြေခေါ၏ အချိန် တန်ဖိုး၊ ကာတွန်းသိက္ခာ၏ ကိုယ်မှား စသည့် ဇာတ်လမ်းများ၊ ပုံပြင်ကဏ္ဍာတွင် ဦးစာ၏ အဆွေခင်ပွန်းကောင်းအကြောင်း၊ ကဗျာကဏ္ဍာတွင် ကိုကိုခန့်ချော(ကသာမြေ)၏ ဆီမီးကုန်ရွေထွန်းသူများ၊ ဆောင်းပါး ကဏ္ဍာတွင် ဦးဦး၏ လွယ်ကူပြောကြား အင်္ဂလိပ်စကား၊ ဉာဏ်စမ်းကဏ္ဍာ၊ ဆုပေါ်ခု ကဏ္ဍများနှင့်အတူ ကဏ္ဍစုံလင်စွာ အင်္ဂနေ့တိုင်း ဖြန့်ဝေလျက်ရှိကြောင်းနှင့် မိုးသောက်ပန်းဂျာနယ်မှာယူလိုပါက အမှတ် (၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ဖုန်း-၅၅၉၂၇၃ နှင့် အမှတ် (၁၈၁) ၃၂ လမ်း(ဆထက်) ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၇၁၂၄၄ တို့သို့ ဆက်သွယ်မှာယူနိုင် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

မော်ဘီမြို့နယ် မြို့မရောက်ကြီးအတွင်း နိုဝင်ဘာ ၃ ရက်က တရားမဝင် တားမြစ် ဆေးများ ရောင်းချမှု၊ အိုင်ဒိုင်း-ဆား ရောင်းချမှုနှင့် အစား အသောက်များတွင် ဆိုးဆေး ပါဝင်မှုတို့ကို မြို့နယ်ဥပဒေ သာယာရေးအဖွဲ့ဦးစီး အရာရှိ ဒေါ်ထွေးရီနှင့် အစား အသောက် ဆေးပါး ကြီးကြပ်မှု အဖွဲ့တို့ကွင်းဆင်းစစ် ဆေးဆောင်ရွက်စဉ်။ (မြို့နယ် မြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဟောက်လုပ်ရေးစီမံကိန်းနှင့် ကျိုင်းတုံမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ ရောက်ရှိပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကျိုင်းတုံမြို့၊ မိုးနဲ-ကျိုင်းတုံရထားလမ်း ဟောက်လုပ်ရေးစီမံကိန်း (ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း) လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှ သက်မွေးပညာ သင်တန်းကျောင်း အဆင့်မြင့်အပ်ချုပ်သင်တန်းနှင့် အခြေခံအပ်ချုပ်သင်တန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် မော်တော်ယာဉ်များဖြင့် ရထားလမ်း အုတ်ကြောင်းတစ်လျှောက် တူးမြေ၊ ဖို့မြေလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြေဖြတ်ခြင်းလုပ်ငန်းနှင့် သံကူးကွန်ကရစ် ဥမင်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံမြို့ရှိ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ရည်ပစ်သာယာရေးနဲ့ကြီး ဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှ သက်မွေးပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး အဆင့်မြင့် အပ်ချုပ်သင်တန်းနှင့်အခြေခံအပ်ချုပ်သင်တန်း မှ သင်တန်းသူများ လက်တွေ့ချုပ်လုပ်ထား သော အဝတ်အထည်များကို ကြည့်ရှုအား ပေးကြကာ သင်တန်းသူများအား ပိတ်စ၊ အပ်ချည်လုံးများနှင့် ဗလာစာအုပ်များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ကျိုင်းတုံလေဆိပ်စီမံကိန်း

ထိုမှတစ်ဆင့် ကျိုင်းတုံလေဆိပ် စီမံကိန်း လုပ်ငန်းခွင်အတွင်း ကတ္တရာ ရေပိတ်လွှာ လောင်းခြင်း၊ လေယာဉ်ပြေး လမ်းကြွေခိုင်မှုနှင့် ဆင်ခြေလျှောဖြေခြင်း လုပ်ငန်းနှင့်မြေသားတမံတိုးချဲ့ခြင်းလုပ်ငန်း များဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အက်စ်တွန်ဗီလာနှင့် ဘလက်ဘန်းနိုင်ပွဲများရ မန်စီးတီးအသင်း တန်းတက်ဘန်လေကိုသရေကျ

ဟောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုးရေးသည်

လန်အဲ နိုဝင်ဘာ ၇

ပရီမီယာလီဂ်ပွဲစဉ်(၁၂) ဘောလုံး ဖြိုင်ပွဲများကို နိုဝင်ဘာ ၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာက အိမ်ကွင်းဌာ ဘော်လ်တန်းအား ၂၊၀ဂိုး-တစ်ဂိုးဖြင့် ခြေစွမ်းပြ အနိုင်ကစားခဲ့ သဖြင့် ဗီလာတို့ အနိုင်ရရှိရေး လမ်း ကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းအတွက် အဖွင့်ဂိုးကို အက်ရ်ရေလယန်းက ပွဲစဦး ၇၊၆မိနစ် အကြာမှာ သွင်းယူပေးလိုက်သည်။ ဒုတိယဂိုးကို ပွဲချိန်၄၃မိနစ်တွင် ဂျိမ်းစ်မီနာ ဖြတ်တင်ဘောမှတစ်ဆင့် အဘွန်ရလဟောက သွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ပထမပိုင်း ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဂျိုဟန်အယ်မန်၁၅၊ ဘော်လ်တန်အတွက် ချေပဂိုးသွင်း ယူခဲ့သည်။

၃တိယပိုင်း

၃တိယပိုင်းပြန်စပြီး ၆ကြာမီ အက်ရ်ရေလယန်း ဖြတ်တင်ဘောမှတစ်ဆင့် ဂျန်ခရူး က ဗီလာအတွက် တတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၂မိနစ်တွင် ဂျိမ်းစ်မီနာက ဗီလာအတွက် စတုတ္ထမြောက် အနိုင်ဂိုးသွင်းခဲ့သည်။ ပွဲပြီးရန် ၁၅မိနစ်အလိုတွင် ဂျိမ်းစ်မီနာ ဖြတ်တင်ဘောမှတစ်ဆင့် ကားလို့စ်ကူလာက ပဉ္စမမြောက် အနိုင်ဂိုး သွင်းယူခဲ့သည်။

ဘန်လေးအတွက် ၃တိယဂိုးကို စတီဗင်ဖလက်ချာ (၇) က မန်စီးတီးဘက် သို့ ဤသို့သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘလက်ဘန်းနိုင်

ဘလက်ဘန်းက အိမ်ကွင်း၌ ပို့စ်မောက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစား ပေးပြီး ပို့စ်မောက်အား ဖိအားပေးနိုင်ခဲ့သည်။ သို့သော် ပွဲစပြီး ၁၅မိနစ်အကြာ ပေါလ်ရိုဘင်ဆင် တည်ကန်ဘောမှတစ်ဆင့် ပို့စ်မောက်အသင်းအတွက် အဖွင့်ဂိုးကို အိုဟာရာက သွင်းယူပေးနိုင်ခဲ့သည်။

၃တိယပိုင်း

၃တိယပိုင်းတွင် ဘလက်ဘန်းတို့ ပြန်လည်တိုက်စစ်ဆင် ကစားခဲ့ရာ ဂျန်ရော ဘက်က ဘလက်ဘန်းအတွက် ပထမဆုံးချေပဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၇၂မိနစ်တွင် ရိုင်ယန်နယ်ဆင်က ဘလက်ဘန်းအတွက် ခေါင်းတိုက်ဂိုးသွင်း ယူခဲ့ပြန်သည်။ ပွဲပြီးရန် ၎င်းမိနစ်အလိုတွင် ဂျန်ရော်ဘက်ကပင် ဘလက်ဘန်းအတွက် တတိယအနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဘလက်ဘန်းတို့ ခြေခွန်းပြကစားခဲ့မှုကြောင့် ပို့စ်မောက်တို့ အမှတ်ပေး ဇယားအောက်ဆုံးမှ ရန်းမထွက်နိုင်သေးပါ။

မန်စီးတီးသရေ

မန်စီးတီးနှင့်ဘန်လေတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲ ဖြစ်သွားခဲ့သည်။ ပထမပိုင်းတွင် ဘန်လေကစားသမားများဖြစ်သည့် ဘီကေးနှင့် စတီဗင်ဖလက်ရှာတို့က သွင်းယူပြီး မန်စီးတီးကို ဖြိမ်းခြောက်ကစားခဲ့သည်။

၃တိယပိုင်း

၃တိယပိုင်းပြန်စပြီးနောက် မန်စီးတီးတို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ရိုက်ဖီးလစ်၊ တိုရေးနှင့် ဘယ်လာမီတို့က မန်စီးတီးအတွက် ဆက်တိုက်ဂိုးများ သွင်းယူခဲ့သည်။ သို့သော် ပွဲချိန် ၈၇မိနစ်တွင် မက်ဒေါနယ်က ဘန်လေအတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် မန်စီးတီးတို့ အနိုင်ပွဲခဲ့လို့ လွဲခဲ့ရသည်။

စပါးနိုင်

စပါးက အိမ်ကွင်း၌ ဆန်းဒါလန်းကို နှစ်ဂိုးပြတ်သွင်းပြီး ဆောင်ပွဲခံနိုင်ခဲ့သည်။ အိမ်ကွင်းအားသာချက်ရှိသော စပါးက ပွဲစသည့်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၃၂ မိနစ်မှာပင် ဟန်ဒါဆင်က စပါးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်း ပွဲပြီးရန်တစ်မိနစ်အလိုသို့ တန်းနားက စပါးအတွက်သွင်းယူပေးနိုင်ခဲ့သည်။ ဆန်းဒါလန်း တို့ ပယ်နယ်တီကန်ခွင့်ရသော်လည်း ဒါရင့်ဘန့် ဂိုးဝင်အောင်မကန်နိုင်သဖြင့် ချေပဂိုး နှင့် လွဲခဲ့ရသည်။ ။ (အင်တာနက်)

ယနေ့ကစားမည့်ပွဲစဉ်များ

ဟူးလစ်စီးတီး - စတုတ်စီးတီး
(ည ၈နာရီ)
ဝက်စ်ဟမ်း - ဆဲဗာတန်
(ည ၉နာရီ မိနစ်၃၀)
ဒီဂန် - ဖူလမ်ဟမ်
(ည ၉နာရီ မိနစ်၃၀)
ချယ်လ်ဆီး - မန်ယူ
(ည ၁၀နာရီ မိနစ်၃၀)

မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးရီးလည်ပတ်ရန် ရောက်ရှိနေ သောမလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Dr. Ahmad Zahid bin Hamidi နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မလေးရှား ဘုရင်တပ်တော် အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနွှတ်ဆက်

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူ များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ကြိုဆိုနွှတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စား လှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်ဗြို့ ကမ္ဘာ့ဆေးစောဝီလမ်းရှိ ဖိုဟာမက် အီဘရာ ဟင်ဗလီသို့ သွားရောက် ဝတ်ပြုကြပြီး ရန်ကုန်မြို့တွင်းကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ပို့ဆောင်နွှတ်ဆက်

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် မလေးရှား ဘုရင် တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့ မှ ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန် တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သန်းစိုးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Mazlan Muhammad နှင့် ဇနီး၊ စစ် သံမှူး Colonel Gan Seng Look နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နွှတ်ဆက်ကြ သည်။ (သတင်းစဉ်)

သတင်းပေးနှိုးဆော်ချက်

ယာဉ်မောင်္ဂတာဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ ဒီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်း ထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ ဆောင့်ဆိုင်း ရန်နှင့် ယာဉ်များမလည်း လမ်းဆုံ၊ ဒီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့ ဆောင်းနင်းရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့်အချက်ပြ ထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်မြန်ကြည့်၊ ညာမြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော် အပ်ပါသည်။ **ယာဉ်ရည်းကမ်းထိန်းသိမ်းရေးကြီးကပ်မှောက်ဟာ။**

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၇

မော်တော်ယာဉ်လုပ်ငန်းပေါင်းနဲ့ ထိမ်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)သည် ရန်ကုန်မြို့ရှိ ယာဉ်လိုင်းပေါင်း ၁၃၀တွင် ကားအစီး ၁၉၀၀တို့ဖြင့် ခရီးသည်များ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနဓနုန်းထားဖြင့် စိတ်ချလက်ချသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ် တိုက်မှုများ လျော့နည်းပရောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိ ပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိ လိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဒယာတဖြစ်စေရန် တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁)ကို အောက်တိုဘာ၂ရက်က ထုတ်ဝေဖြန့်ချိသည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မအိ၊ မြေလတ် မောင်မြင့်သုတို့၏ ကဗျာများ၊ သူရဇော်၊ ခင်မြန်မာ၊ သုနန္ဒာအောင်တို့၏ ကလေး လူယဇာကဗျာ၊ ဥူးမာမိတသီရိဘိဝသ၏ ဗုဒ္ဓဘာသာဝင်တို့ သိမ့်ဟစရာ၊ မောင်နေမှန်၊ စောဟန်၊ မြေပြန့်ဝင်းသွေးတို့၏ ကာတွန်းလက်ရာများ၊ ရန်ဆောင်၊ ဂျက္ကသိုလ်တင်မ၊ ဦးဌေသိန်း (ကုမ္မဏီလမ်းညွှန်)၊ ချစ်စံဝင်း၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ကျော်သူရ၊ ဒေါက်တာ နန္ဒယဉ်၊ ဒေါက်တာနေလင်း၊ ခင်မောင်ဆေး(မန္တလေး)၊ မောင်ချစ်(သူရဲသပိန်)၊ ရိုးမြင့် (လှည်းကူး)၊ ဝင်းဆွေထွန်း၊ ခင်မောင်တိုး(ဖိုးမိတ်)၊ ရွှေရင်ဝိန်နှင့် သန်းငြိမ်းဆေးတို့၏ ရသစာ၊ ကဗျာစု၊ လက်ရာစုံများ၊အပြင် ပါဝင်နေကျ ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဗျာများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ် အထူးထုတ်ကို ရန်ကုန်မြို့ စာသုခမိုင်ကြီးများ၊ မထသ ဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ် လိုပါက အမှတ်၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့ရေပိုက္ကတ် မင်္ဂလာတောင်ညွှန်ဖြိုးနယ် ရန်ကုန်မြို့ ဖုန်း-၃၀၁၀၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

* *ကျေးဖုံးမှ*

ကြိုးခုန်လေ့ကျင့်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ကြွက်သားများသန်မာမှုနှင့် အရိုးအကြောများ ကြံ့ခိုင်ဝိကာ ဆောက်အဆွယ်ကြီးရင်လာပါက အရိုးခြင်းဖြစ်ပွားမှုကို လျော့နည်းစေကောင်း ၄င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

သက်သာ

ကြိုးခုန်လေ့ကျင့်ခြင်းကြောင့် ခါးနာခြင်းကိုသက်သာစေပြီး ခါးရိုးကျိုးပေါင်းတက် ခြင်းကိုလည်း ကာကွယ်ပေးနိုင်ကြောင်း၊ ကြိုးခုန်ခြင်းလေ့ကျင့်ခန်းကို တစ်နေ့လျှင် ၁၅မိနစ်ခန့်ပြုလုပ်ပေးပါက အဆုတ်ကျန်းမာရေးကောင်းမွန်စေကြောင်း သိရသည်။

အကြံပြု

ထို့ကြောင့် ကြွက်သားများ သန်မာမှု၊ အရိုးရောဂါများမဖြစ်ပွားနိုင်မှုအတွင် ကိုလက်စထရောများ ကျဆင်းစေသည့် ကြိုးခုန်လေ့ကျင့်ခန်းကိုပြုလုပ်ပေးသင့် ကြောင်း ၄င်းတို့က အကြံပြုထားသည်။ ။

ဝတ်ပြုကြပြီး ရန်ကုန်မြို့ကို ကြည့်ရှုကြ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးကျော်ဝင်း-ဒေါ်စိန်မြင့်တို့၏သား
မောင်အောင်ကျော်မြင့် B.Sc (Chemistry)
စိန်နှင့်မြ ဓာတုဗေဒပစ္စည်းရောင်းဝယ်ရေး
နှင့်
သဝဏ်ဖြို့နေ
ဦးမြင့်ဦး-ဒေါ်ခင်မွတို့၏သမီး
မအေးမြတ်မွန်

တို့၏၇-၁၁-၂၀၀၉ရက်(စနေနေ့) Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာယန်းဂုဏ်ချီးမြင့်ပေးပါသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် မြို့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့်ဇနီး၊ဒေါ်ခင်မြတ်ထွေးတို့အားလည်းကောင်း၊ ၃၁-၁၀-၂၀၀၉ ရက် (စနေနေ့) ရန်ကုန်မြို့နေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော သီရိသုခမွမဏီဓေတာဓရ ဦးစိုးသိန်း (ဓနအောင်ကုမ္ပဏီ)-သီရိသုခမွသိရီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးခွဲ) အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါ်စိုးစိုး၊ ဦးနိုင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာယန်းကြေးပေးသော ညီမလေး မစုရည်ဝင်း၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မနန္တာရွှေရည်၊ သတို့သားအရှင် ကိုကျော်ရိုန်း၊ ကိုဥာဏ်လင်းထက်၊ သတို့သမီးအရှင် မချစ်သဘ္ဘဝေ၊ မဇာနည်ဝေမောင်၊ မင်္ဂလာအခမ်းအနားပန်းမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဘားသံရင်စိမ်းမိုဝိုဠ်၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော The Aces တီးဝိုင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော May & Mark Gems & Jewellery ဒေါ်ခေါင်နန်း အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော မမ၌ (Zu Zu Collection)၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ပေးပါသော အောင်အောင် (တောင်ကြီးနှင့်အဖွဲ့)တို့အားလည်းကောင်း၊ ပန်းအလှပြင်ပေးပါသော ကိုဆွေ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းပန်းကူညီပေးကြပါသော ကျေးဇူးတင် ထိုကဲ့သို့ အားလုံးကိုလည်းကောင်း လွှမ်းလဲ့စွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်မြင့် - မအေးမြတ်မွန်။

စေ့စပ်ကြောင်းလမ်းပြိုးစိုးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၁၈)နေ
ဦးရဲမြင့်(City ဖိနပ်ဆိုင်)-ဒေါ်ခင်စန်း (၉၆/ဘီရဲ-သိမ်ကြီးဈေး)
တို့၏ သားကြီး
Dr. မင်းသူ
M.B.,B.S(Ygn),First Year M.Med.Sc (Med.Juris)
Department of Forensic Medicine,(UM-1)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ အမှတ်(၉၂-A,C,D)နေ
ဦးအေးမြင့်ဦး-ဒေါ်ခင်အေးခိုင် (Owners of Aye's Family Co.,Ltd . & NAOO International Co.,Ltd-Tokyo,Japan)
တို့၏သမီးကြီး
မဟောစာမြင့်ဦး
(UM-1)(Managing Director of Aye's Family Co.,Ltd. & NAOO International Co.,Ltd.-Tokyo, Japan)

တို့သည် ၆-၁၁-၂၀၀၉ရက် (သောကြာနေ့)တွင် Park Royal Hotel ၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြိုးစိုးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် Dr.မင်းသူ-မဟောစာမြင့်ဦး။

မန္တလေးဆေးတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲ

မန္တလေး နိုဝင်ဘာ ၇

မန္တလေး ဆေးတက္ကသိုလ်တွင် ၁၉၇၉ ခုနှစ်မှ ၁၉၈၄ခုနှစ်အထိ M.B.,B.S ဆေးပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်း ဆရာဝန်များ၏ (၂၅) နှစ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်း ဆရာဝန်များ မမျက်မှောက် တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲ အတွက် အလှူငွေများကို မန္တလေးမြို့တွင် ဒေါက်တာ၌, ဖုန်း-၀၉-၂၀-၀၂၇၁၂၊ ဒေါက်တာခင်သက်ဝေ ဖုန်း-၀၉-၂၀-၀၉၃၈၂၊ ဒေါက်တာစံလင်း ဖုန်း-၀၉-၅၁-၃၇၃၈၄ နှင့် ဒေါက်တာ ခင်မောင်ကြည် ဖုန်း-၀၉-၅၀-၆၂၅၉၃၊ ဒေါက်တာ ခိုင်းဆောင်ကျော် ဖုန်း-၀၉-၅၂-၁၂၄၄၅ ဒေါက်ဌေမြို့တွင် ဒေါက်တာမြင့်ဦး ဖုန်း- ၀၉-၆၃-၀၀၃၃၄၊ ရန်ကုန်မြို့တွင် ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၅၁-၅၂၃၉၄၊ ဒေါက်တာသဲ, ဖုန်း-၀၉-၂၀-၀၂၇၄၇၊ ဒေါက်တာတင်ဆောင်လင်း ဖုန်း-၀၉-၆၈-၁၈၃၅၀တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ရန် နှိုးဆော်ထားသည်။

(မန္တလေး/ကိုယ်တိုင်)

ပျောက်ဆုံးကြောင်း
ကျွန်တော် သန်းနိုင်ဌေး၏ နိုင်ငံကူးလက်မှတ် A-007622 သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၂-၆၁၆၆ Ext-၅၀၂၊၅၀၁၃

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ထွန်းနိုင်၏ နိုင်ငံသားစိစစ်ရေးကတ် ၁၃/လရန (နိုင်) ၁၁၀၅၆သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၇၀၇၁၄၊ ၀၉-၅၁-၀၅၃၈၉။

ဖခင်အမည်မှန်
လှိုင်သာယာမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မစုလှိုင် ချစ်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းထွန်း ဖြစ်ပါသည်။



ကျေးဇူးဆပ်ပါမည်
မောင်ကျော်သာတစ်၏ PP-N0. ၄၇၇၄၅၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဆက်သွယ်ရန်-**
ဖုန်း-၀၉-၅၁-၂၂၄၆၉။

အားကစားမြင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

နှစ်ပွဲဆက်အရှုံးနဲ့အတူ ထိပ်ဆုံးက ရတနာပုံနဲ့ ငါးမှတ်ကွာသွားတဲ့ ဒယ်လ်တာယူနိုက်တက်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် —— စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အသံ)

ရန်ကုန် နိုဝင်ဘာ ၇

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ၃တိယအကျော်ဖွဲ့စဉ်(၃၉)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းဦး ကျင်းပရာ ကမ္ဘာ့အသင်းက ဒယ်လ်တာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ကမ္ဘာ့အ - သုံးဂိုး
ဒယ်လ်တာယူနိုက်တက် - တစ်ဂိုး

ပြီးခဲ့တဲ့မွေမှာ ရတနာပုံကိုအရေးနိမ့်ခဲ့ရလို့ ထိပ်ဆုံးနေရာကဆင်းပေးလိုက်ရတဲ့ ဒယ်လ်တာယူနိုက်တက်အသင်းဟာ အခုပွဲမှာလည်း ဦးဆောင်ဂိုးပြေပြီးမှ အရေးနိမ့်ခဲ့ရလို့ ရတနာပုံနဲ့ ငါးမှတ်ကွာသွားပြီး ချန်ပီယံဆုအတွက် အနည်းငယ်အလှမ်းဝေးသွားပြီလို့ ဆိုရတော့မှာပါ။ ဒယ်လ်တာယူနိုက်တက် အသင်းဟာ ပထမအကျော့ဂိုးနီးကလည်း ၃တိယပြိုင်းမှာ ပေးလိုက်ရတဲ့ ချေပဂိုးကြောင့် သရေ တစ်မှတ်နဲ့ပဲ ကျေနပ်ခဲ့ရသလို အခုပွဲမှာလည်း ၃တိယပြိုင်းမှာပေးလိုက်ရတဲ့ ဂိုးသုံးဂိုးနဲ့ပဲ အရေးနိမ့်ခဲ့ရတာပါ။

အခုပွဲအနိုင်ရခဲ့တဲ့ ကမ္ဘာ့အသင်းကတော့ တတိယနေရာမှာ အမှတ်ပြတ်နဲ့ ရပ်တည်နိုင်ခဲ့သလို ချန်ပီယံဆုလမ်းကြောင်းထဲကိုလည်း ပြန်လည်ဝင်ရောက်နိုင်ခဲ့ပါတယ်။ ထိပ်ဆုံးကရတနာပုံအသင်းနဲ့ ခြောက်မှတ်ကွာဟနေပြီး ၃တိယနေရာက ဒယ်လ်တာယူနိုက်တက်နဲ့လည်း တစ်မှတ်ပဲကွာတာကြောင့် လက်ကျန်ပွဲတွေဟာ ပိုပြီးစိတ်ဝင်စားစရာကောင်းလာတော့မှာ အမှန်ပါပဲ။ ကမ္ဘာ့အသင်းဟာ ပထမပိုင်းမှာ ကစားပုံသိပ်မကောင်းခဲ့ပေမယ့် ၃တိယပိုင်းမှာ ခြေစွမ်းပြန်ပြင်နိုင်ခဲ့ပြီး လူစားလဲမှု မှန်ကန်ခဲ့တာကြောင့် လို့ ပြောလို့ရပါတယ်။ ဒီပွဲရဲ့အလှည့်အပြောင်းဖြစ်စေခဲ့တာကတော့ ၅ရမိနစ်မှာ ကမ္ဘာ့အသင်း ပယ်နယ်တီရခဲ့တာဖြစ်ပြီး သရေဖြစ်ပြီး နောက်ပိုင်းမှာတော့ ဒဏ်ရာက ပြန်ကောင်းလာတဲ့ AFC President's Cup ရွေးနိုးပဲဆုရှင် စိုးမင်းဦးနဲ့ ကျော်သီဟတို့ရဲ့ တိုက်စစ်အတွဲကနေ ဂိုးတွေ ထပ်ရခဲ့တာ ဖြစ်ပါတယ်။ ဒယ်လ်တာယူနိုက်တက်အသင်း ပယ်နယ်တီပေးခဲ့ရတာဟာအင်ြင်းမှားမှယ်တွေ့ရှိခဲ့ပြီး ကမ္ဘာ့အတိုက်စစ်မှူး စိုးမင်းဦးရဲ့ ထိုးဓောက်မှုကို ဒယ်လ်တာဂိုးသမား သီဟစည်သူ တားဆီးရာမှာ လက်ကဘောလုံးကိုထိခဲ့တာကြောင့် ပွဲအပြီးမှာ ကွင်းလယ်ဒိုင် ဦးကိုကိုနိုင်ကို ဒယ်လ်တာ အသင်းသားတွေ စောဒကတက်ခဲ့ကြပါတယ်။

ဒုတိယပြိုင်းအတွေ့ကမ္ဘာ့အသင်း ကစားပုံကောင်းလာပြီး စိုးမင်းဦး ဝင်လာလို့လည်း တိုက်စစ်ပိုကောင်းလာပါတယ်။ ၅ရမိနစ်မှာယယ်နယ်တီမှတက်ဆင့် ဓောက်ခံလူ ဝင်မင်းထွဋ်က ကမ္ဘာ့အတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့ပါတယ်။ အဲဒီ ဓောက်ဝိုင်းမှာတော့ စိုးမင်းဦးနဲ့ ကျော်သီဟတို့ရဲ့ တိုက်စစ်အတွဲဟာ ဂိုးရဖို့ ရှေ့တက်

ကမ္ဘာ့အတိုက်စစ်မှူး ကျော်သီဟ၏ ထိုးဓောက်ဂိုးသွင်းမှုကို ဒယ်လ်တာ ယူနိုက်တက် ဓောက်ခံလူ ကျိမ်ခ်ရ ကားဆီးနေစဉ်။ (မြန်မာ့အသင်း)

ထိပ်ဆုံးက ရတနာပုံအသင်းကို အမီလိုက်ဖို့အတွက် ဒယ်လ်တာယူနိုက်တက် အသင်းဟာ ပွဲစကတည်းက တိုက်စစ်အားမြှင့်ပြီး ကစားခဲ့ပါတယ်။ ပွဲအစတစ်မိနစ်မှာပဲ ကောင်ပဲကစားသမား အဲလ်ဆင်ဗီလ်ကာ ခေါင်းတိုက်ပြီး ဒယ်လ်တာအတွက် အဖွဲ့ဂိုး စတင်သွင်းယူခဲ့ပါတယ်။ ပထမပိုင်းမှာ ဒယ်လ်တာအသင်း ကစားကွက် အသာရခဲ့ပြီး ဓောင်ကျော်မျိုးရဲ့ အပိုင်ခေါင်းတိုက် ချက်ဟာ၊ ဒီလင်္ဂနဲ့ စတန်လေတို့ရဲ့ ကန်ချက် ဖိနေတဲ့ ဒယ်လ်တာယူနိုက်တက်ဓောက် တန်းရဲ့အမှားကိုအသုံးချပြီး အနိုင်ဂိုးတွေ သွင်းခဲ့တာပါ။ ကမ္ဘာ့အတွက် အနိုင်ဂိုးတွေကို ၇၃ မိနစ်မှာ စိုးမင်းဦးနဲ့ ၈၃ မိနစ်မှာ ခင်မောင်လွင်တို့က သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ။

ယနေ့ပွဲ
သုဝဏ္ဏကွင်း
ဧရာဝေရွှေမြေ-ရန်ကုန်ယူနိုက်တက်။
(မြန်မာ့အသင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်
တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(အဓိဝါရ)
၈-၁၁-၂၀၀၉ ရက် (တနင်္ဂနေ့)
နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ မရိတ်တရားတော်
၇:၁၅	၂။ အောင်တော်မူ ဓောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး - ဗိုလ်ကလေး တင့်အောင်)
၇:၂၅	၃။ ကျွန်းမာဖွံ့အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာရျှေအေးမင်္ဂလာတေး
၇:၅၅	၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀	၇။ အကဖြိုင်ပွဲ
၈:၁၅	၈။ တေးဂီတအစီအစဉ်
၈:၃၀	၉။ International News
၈:၃၅	၁၀။ Crossroads Cafe (Episode-4) (Who's The Boss)
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

ဈေးယမ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တော
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၅	၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၄၀	၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၄)
၁၂:၂၅	၅။ Golf Magazine (TV)
၁၂:၄၀	၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ဈေဟရျင်းသာလဲလိုက်ရင်တယ်** နိုင်းနိုင်း၊ ထွန်းထွန်းဝင်း၊ သက်မွန်မြင့်၊ မောသန်ဇ (ဒါရိုက်တာ-မောင်မောင်ဦး-စန်ဒိုဂိုက်)
၁၄:၂၅	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၄၀	၈။ International News
၁၄:၃၅	၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။ Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (ဧရယျာရွှေမြေအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)
၅:၄၅	၂။ တေးဂီတအစီအစဉ်
၆:၀၀	၃။ ညနေခင်းသတင်း
၆:၁၅	၄။ မိုးလေဝသအခြေအနေ
၆:၂၀	၅။ တေးဂီတအစီအစဉ်
၆:၄၀	၆။ တစ်ဖျက်နှာ၊ တစ်ကွက်စာ **သူ့စကားနှာ** ခင်မိုမွှေ့ဆေး၊ ဝါဝါအောင်၊ ချစ်ခွန်းချို [ဒါရိုက်တာ-မောင် (MMG)]
၇:၀၀	၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၀)
၈:၀၀	၈။ ပြည်တွင်းသတင်း
	၉။ နိုင်ငံတကာသတင်း
၁၀။	မိုးလေဝသအခြေအနေ
၁၁။	ကာတွန်းအစီအစဉ် **ဒိုင်နီဆောမီသားစုနွမ်စားခန်း** (အပိုင်း-၅၈)
၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဇွေဦးကများချစ်သံသာ** (အပိုင်း-၁၀)
၁၃။	အစီအစဉ်ပြီး၏။

အရှေ့ပိုင်းဒေသများ၌ ညအခါအအေးပိုလာနိုင်

ရန်ကုန် နိုဝင်ဘာ ၇

ယနေ့နှစ်နက် ဇန္တာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တစ်ပြည်လုံးတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်တိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလဇစ်ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလဇစ် ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွှင်ုင်လင်ဖြို့တွင် ၄ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးဖြို့တွင် ၆ဒီဂရီ စင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်ဟော်အခြေအနေမှာ ဘင်္ဂလားပင်လယ်ဟော်အရောက်အလယ် ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မရှိပြီး ကမ္ဘလီပင်လယ် ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုင်ဘာ ၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကျွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှောဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်ပြေပြင် လေသည် တစ်နာရီလျှင် ၃၇မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျွန်မြန်မာပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဓောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအခါ အအေးပိုလာနိုင်သည်။

ရေပြည်တော်နှင့် အနီးတစ်စိုက်တွင် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်စိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်စိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တောင်ကိုရီးယားသမ္မတနိုင်ငံဆိုသည်မှာ . . . .

သတင်းအက်ဆေး

ကိုရီးယားသမ္မတနိုင်ငံသည် အာရှအရှေ့ပိုင်းတွင် တည်ရှိသည်။ ကိုရီးယားကျွန်းဆွယ်၌ တောင်နှင့်မြောက်ကိုရီးယားဟူ၍ နှစ်နိုင်ငံကွဲသွားပြီးနောက် တောင်ကိုရီးယား(ကိုရီးယားသမ္မတနိုင်ငံ)သည် အာရှတိုက်၏ အကြွယ်ဝဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ မြောက်ကိုရီးယား(ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ)၌မူ အကြွင်းမဲ့အာဏာရှင်စနစ်ကို ကျင့်သုံးသည်။

အနုံးသတ်

တောင်ကိုရီးယားနိုင်ငံက ၁၉၄၈ခုနှစ် ဩဂုတ်လတွင် ကိုရီးယားသမ္မတနိုင်ငံအဖြစ် ကြေညာသည်။ နောက်နှစ်ခန့်အကြာတွင် မြောက်ကိုရီးယားနိုင်ငံနှင့် စစ်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများရရှိခဲ့သည်။ ၁၉၅၃ခုနှစ်တွင် နှစ်နိုင်ငံ ငြိမ်းချမ်းရေး စာချုပ်မချုပ်ဆိုရာဘဲ ကိုရီးယားစစ်ပွဲ အဆုံးသတ်သွားသည်။

အထောက်အကူပေး

ယင်းနောက် တောင်ကိုရီးယားတွင် ဆယ်စုနှစ်လေးစုကြာ အာဏာရှင်ဆန်စွာ အုပ်ချုပ်ခဲ့သည်။ မိသားစုပိုင်စက်မှုကော်ပိုရေးရှင်းကြီးများကို အဆုံးရက ကမကထပြုသည့် စီမံကိန်းများက အားပေးကူညီသည်။ ထိုစက်မှုကော်ပိုရေးရှင်းကြီးများတွင် အထင်ရှားဆုံးများမှာ ဟွန်ဒိုင်းကုမ္ပဏီနှင့် ဆမ်ဆောင်းကုမ္ပဏီတို့ဖြစ်သည်။ ထိုကုမ္ပဏီကြီးများက တောင်ကိုရီးယားနိုင်ငံကို ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲသွားစေရန် အထောက်အကူပေးသည်။

မြောက်ကိုရီးယားနှင့် ဆက်ဆံရေးတွင် ၁၉၉၀ပြည့်လွန်နှစ်များကတည်းက နေ့ဖြည်းဖြည်းနေးမှ၀ါဒဖြင့် ဆက်ဆံရေးကို ချမှတ်ထားသည်။

၁၉၄၅ခုနှစ် ၃တိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၃၈-မျဉ်းပြိုင်မြောက်ပိုင်းဒေသကို ဆိုဗီယက်တပ်များက သိမ်းပိုက်ပြီး တောင်ပိုင်းဒေသကို အမေရိကန်တပ်ဖွဲ့ဝင်များက သိမ်းပိုက်လိုက်သောအခါ ဂျပန်-အုပ်ချုပ်မှု အဆုံးသတ်သွားသည်။

အသက်ဆုံးရှုံး

၁۹۵၀ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံက ကိုရီးယားသမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ၁۹۵၀ပြည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံက လွတ်လပ်ရေးကြေညာသောအခါ မြောက်ကိုရီးယားက ကျူးကျော်ဝင်ရောက်သည်။ ၁۹۵၀ပြည့်လွန်နှစ်များ အတွင်းတွင် တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်၏ စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးထောက်မမှုများရရှိသည်။ ပြည်သူ့နှစ်သန်း အသက်ဆုံးရှုံးရသည့် ကိုရီးယားစစ်ပွဲမှာ ၁۹۵၃ခုနှစ်တွင် ရပ်စဲသွားသည်။

၁۹۶၀ခုနှစ်တွင် စစ်ဘက်ကအာဏာသိမ်းပြီး ဗိုလ်ချုပ်ကြီး ပတ်ချုပ်ဟီး အာဏာရလာသည်။ ၁۹۷၂ခုနှစ်တွင် စစ်ဥပဒေပြဋ္ဌာန်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်ပြီးနောက် မဟာဘတပ်ချုပ်ဟီး အာဏာပိုမိုရရှိသည်။ ၁۹۷၉ခုနှစ်တွင် မဟာဘတပ်ချုပ်ဟီး လုပ်ကြံခံရသည်။ ဗိုလ်ချုပ်ကြီး ချုန်ဒူးဟွမ် အာဏာရလာသည်။

၁۹۸၀ခုနှစ်တွင် သမ္မတကို ပြည်သူတို့က တိုက်ရိုက်ရွေးချယ်ရန် ဖွဲ့စည်းပုံ အခြေခံ ၃၀ဒေါက်ပြင်ဆင်သည်။ ၁۹۸၇ခုနှစ်တွင် သမ္မတချုန်ဒူးဟွမ် အရိုက်အရာကို မဓမ္မတာနိုဝေဂုဏ အဆက်ခံသည်။ ၁۹۸၈ခုနှစ်တွင် ဆိုးလ်မြို့တော်၌ အိုလံပစ် အားကစားပွဲကျင်းပသည်။ ပထမဆုံး လွတ်လပ်သည့် ပါလီမန်ရွေးကောက်ပွဲလည်း ကျင်းပသည်။ ၁۹۹၁ခုနှစ်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ကုလသမဂ္ဂသို့ ဝင်ရောက်ကြသည်။

၁۹۹၃ခုနှစ်တွင် မဓမ္မတာကင်ယုန်ဆမ် သမ္မတဖြစ်လာသည်။ ၁۹۹၈ခုနှစ်တွင် မဓမ္မတာကင်ဒေးဂျုန် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံပြီးနောက် မြောက်ကိုရီးယားနှင့် နေ့ဖြည်းဖြည်းနေး ဆက်ဆံရေးမူကို ချမှတ်သည်။ ၂၀၀၀ပြည့်နှစ် ဇွန်လတွင် ပြုယမ်းခဲ့သည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံဒီနှင့် တောင်ကိုရီးယား သမ္မတ ကင်ဒေးဂျုန်တို့ ထိပ်သီးချင်း တွေ့ဆုံသည်။

စီစဉ်ဆုံးဖြတ်

၂၀၀၂ခုနှစ် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲတွင် နွေမဟွန်းအနိုင်ရသည်။ ၂၀၀၄ခုနှစ် ဧပြေ၁၀ရီလတွင် ဆီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၀၀၀ စေလွှတ်မှုကို ပါလီမန်က အတည်ပြုပေးသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ဆီရတ်သို့တောင်ကိုရီးယားတပ်ဖွဲ့ဝင်များပြန့်ကြက်မှု တိုးချဲ့ရေးကို ပါလီမန်က အတည်ပြုသည်။ တောင်ကိုရီးယားမြို့တော်ကို ဆိုးလ်အစား ၂၀၃၀ပြည့်နှစ်၌ ဂန္ဓာဂီကျွန်ကျေသေသင့် အသစ်တည်ဆောက်ရန် သြဂုတ်လက စီစဉ်ဆုံးဖြတ်သည်။

သဘောတူ

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီယား စမ်းသပ်မှုကြောင့် ၂၀၀၆ခုနှစ် ခုလိုင်လ ကတည်းက ရပ်ဆိုင်းထားသော နှစ်နိုင်ငံအဆင့်မြင့် ဆွေးနွေးပွဲများပြန်စရန် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် နစ်ဦးနှစ်ဖက် သဘောတူသည်။

ကြေညာ

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ကိုရီးယားစစ်ပွဲ တရားဝင်ပြီးဆုံးရေးကိစ္စ ဆွေးနွေးရန် ထိပ်သီးအစည်းအဝေးတွင် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ သမ္မတများက အာမခံပြောကြားသည်။ ထိုနှစ် ဒီဇင်ဘာလတွင် မဓမ္မာသီမြောင်ဘက်က သမ္မတ ရွေးကောက်ပွဲ၌ အနိုင်ရရောက်သင့် ကြေညာသည်။

၂၀၀၉ခုနှစ် ဩဂုတ်လတွင် တောင်ကိုရီးယား သမ္မတဟောင်း ကင်ဒေးဂျုန် ကွယ်လွန်သည်။ မြောက်ကိုရီးယား အဝိုးရက ရာဘဝနှ အခမ်းအနားတက်ရောက်ရန် ဆိုးလ်မြို့သို့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့သည်။ ။

ကိုးကား-အင်တာနက် **တိုး-ရေးသားသည်**

တောင်ကိုရီးယားမြို့တော်ကို ဆိုးလ်အစား ၂၀၃၀ ပြည့်နှစ်၌ ဂုန်ဂီကွန်ဂျုဒေသတွင် အသစ်တည်ဆောက်ရန် ဩဂုတ်လက စီစဉ်ဆုံးဖြတ်သည်။

ကမ္ဘာ့အသက်အကြီးဆုံး တိရစ္ဆာန်များ

မောင်မောင်မြင့်ဆွေ

စုစည်းတင်ပြသည်

ကမ္ဘာပေါ်တွင် တိရစ္ဆာန်ရိုးဖိတ်ပေါင်းများစွာရှိသည့် အနက် အသက်အရှည်ဆုံး တိရစ္ဆာန်အချို့ကို စုစည်းဖော်ပြလိုက်ပါသည် -

ကမ္ဘာ့အသက်အကြီးဆုံး ကြောင်

အင်္ဂလန်နိုင်ငံ ဝိန့်ဆော်စတီလ်မြို့တွင် ဌာနံနာအမည်ရှိ အမျိုးသမီး မွေးမြူထားသော ကြောင်စက်ကောင်၏ အသက်မှာ နိုဝင်ဘာ ၂၅ရက်၌ အသက် ၂၇နှစ်ရှိပြီဖြစ်သည်။ ယင်းကြောင်သည် တစ်နေ့လျှင် ၁မြာဇိုးခိပ်စက်ကာ နေ့စဉ် အစားအစာ ငါးကြင်ခန့်၊ စားသောက်လည်း ခန္ဓာကိုယ်အရွယ်အစားမှာ ပုံမှန်ပင်ဖြစ်သည်။ လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးကြောင် (**အောက်ပုံ**)အဖြစ် ဂင်းနက်စံမှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

ကမ္ဘာ့အသက်အကြီးဆုံး ဝက်ဝံ

ကနေဒါနိုင်ငံ ဝင်နီပက်မြို့ အက်ဆင်ဘုန်ဥယျာဉ်ရှိ ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်သည် ၁۹၆၆ခုနှစ် ဒီဇင်ဘာလက မွေးဖွားကြီးပြင်းခဲ့ရာ ယခုအချိန်၌ အသက် ၄၃နှစ် ရှိပြီဖြစ်သည်။ ပုံမှန်အားဖြင့် ဝင်ရိုးစွန်းဝက်ဝံများသည် အသက် ၂၀နှစ်သာ သက်တမ်းရှည်ကြသည်။ ယင်းဝင်ရိုးစွန်းဝက်ဝံကို ဒကိတ်ဘိုင်ဟု အမည်ပေးထားပြီး ကမ္ဘာပေါ်၌ အသက်အကြီးဆုံးဝက်ဝံ(အပေါ်ပုံ) အဖြစ် ဂင်းနက်စံမှတ်တမ်းတွင် ဖော်ပြခံရသည်။

(အင်တာနက်)

ကမ္ဘာ့အသက်အရှည်ဆုံး လိပ်

အင်္ဂလန်နိုင်ငံ စိန့်ဟီလီနာကျွန်းရှိ ဂျိုနသန်ဟု အမည်ပေးထားသော လိပ်တစ်ကောင်သည် အသက် ၁၇၆နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ဂျိုနသန်သည် အခြားလိပ်နှစ်ကောင်နှင့် အတူ ၁၈၅၃ခုနှစ်က စိန့်ဟီလီနာကျွန်းသို့ စတင်ရောက်ရှိလာသဖြင့် တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးလိပ် (**အောက်ပုံ**) အဖြစ် ဂင်းနက်စံမှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)



ဘဝအမောပြေ

အခက်အခဲ ....

သိပ္ပံပညာရှင်တစ်ဦး၏ ဟောပြောပွဲပြီးဆုံးသွားပြီးနောက် သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းလေသည်။

သတင်းထောက် ။ ။ ဆရာကြီး ဟောပြောတာ ကောင်းလိုက်တာ။

သိပ္ပံပညာရှင် ။ ။ ကျေးဇူးတင်ပါတယ်။

သတင်းထောက် ။ ။ ဟောပြောပွဲ အတွေ့အကြုံ များပြီ ထင်ပါတယ်။

သိပ္ပံပညာရှင် ။ ။ အင်း... များပြီပေါ့။

သတင်းထောက် ။ ။ ဟောပြောဖို့ အချက်အလက် အတော်လေးစုဆောင်းမှာပဲ။

သိပ္ပံပညာရှင် ။ ။ ကြိုးစားရတာပေါ့။

သတင်းထောက် ။ ။ ဟောပြောတဲ့အခါ အခက်အခဲ တွေ ရှိပါသလား။

သိပ္ပံပညာရှင် ။ ။ ရှိကာပေါ့။

သတင်းထောက် ။ ။ တွေ့ကြုံရတဲ့ အခက်အခဲကို ပြောပေးပါဦး။

သိပ္ပံပညာရှင် ။ ။ ကျွန်တော့် ဟောပြောပွဲတိုင်း ပရိသတ်တွေ အိပ်နေတတ်တာ ပါပဲ။

သတင်းထောက် ။ ။ ‘ဗျာ’

ဘဝဒဿန

- *Better three hours too soon, than one minute too late.*
- *တစ်မိနစ်နောက်ကျခြင်းထက် သုံးနာရီစောနေခြင်းက ပိုကောင်းသည်။*

ရှိက်စပီးယား (ပြဿာတ်ရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသမိန်းနှင့် မြကေနိုင်စိုး

လေလံကြော်ငြာ

သစ်တောရေရှာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရန်ဖိုင်ပြည်နယ်(သံတွဲမြို့) တွင် အသုံးပြုပြီးသောတာယာအဟောင်း ဆိုင်စဉ်(၉၇၄)၊ ဘက်ထရီအဟောင်း၁၆လုံး၊ ပီပါန့် ၁ခလုံး၊ သံတိုသံစ နှစ်တန်း၊ ထွက်ပိုင်းအဟောင်း ၂၄လက်မကို ချိပ်ပိတ်တင်ဒါ စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိလိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ဒါပြတ်မည့်ရက် - ၁၂-၁၁-၂၀၀၉ရက် ညနေ ၄း၀၀နာရီ
လေလံတင်ဒါဖွင့်မည့်ရက် - ၁၃-၁၁-၂၀၀၉ရက် နံနက် ၉း၀၀နာရီ
ဖွင့်လှစ်မည်နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး (သံတွဲမြို့) မြန်မာ့သစ်လုပ်ငန်း၊ **ဖုန်း-၀၄၃-၆၅၂၁၀**

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့သစ်လုပ်ငန်း(ရန်ဖိုင်ပြည်နယ်)။

မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု
တတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနား

မန္တလေးတက္ကသိုလ် ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြီး အသက်(၆၀)ပြည့် အင်ဂြိမ်းစားဆရာကြီး၊ဆရာမကြီး၊များအား ၁၉၆၃မှ ၂၀၀၉ပညာသင်နှစ်အတွင်း နေ့၊ ည စာပေးစာယူ/အဝေးသင် ရူပဗေဒအဓိက/အထူးပြကျောင်းသား ကျောင်းသူများက စုပေါင်း၍ တတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္လာနေ့)တွင် မန္တလေးတက္ကသိုလ်ဝန်ထမ်းများ၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။

တတိယအကြိမ်ရူပဗေဒမိသားစု၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။

FAME LADYMAX
Natural cosmetic series
Anti-wrinkle Cream
ISO 9001 : 2000
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified

ပဌာန်း(၂)ဆွဲထည်းသောကတရားများကို ကျွန်ုပ်တို့ ရိုးရှင်းရှင်းပြောပြပြီးမှ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဘာသာရေးကဏ္ဍတို့တွင် လက်တည့်သမားချင်းစေရန် ဦးတည်၍ အရှင်လင်းဆုံး ဒေတာမီနည်းစနစ်များဖြင့် ရေးသားထားသော
အကြောင်းတရားတို့၏အစွမ်းသတ္တိများ
ဒေါက်တာဒေဝအားဒကျော် (ဘာသာမှာ ပြန်ပွားရေးဘဏ်းကြီး)
တတိယတကြိမ် အာဇရီယာဘွဲ့ရမြတ်ကျမ်းမိမိမှ ၊ ဝေတူပေါ်ဝေ Ph : 095137526

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဝဥပဒေအေအိန့်-၅၊ နည်းဥပဒေ-၂၀)
မြစ်ကြီးနားခရိုင် နယ်တရားမရုံး၌
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၇

ခေါ်မိုင်းရာ နှင့် ခေါ်မခေါ်ဘောက်
(ဌင်း၏အထူးကိုယ်စားလှယ်
စာရေးဆု ခေါ်နန်ကျာ)

တရားလို **တရားခံ**

မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ အမှတ်၂၇၇နေ့ ခေါ်မခေါ်ဘောက် သိစေရမည်။

သင့်အပေါ်၌ ခေါ်မိုင်းရာ (ဌင်း၏အထူးကိုယ်စားလှယ်စာရေးဆု ခေါ်နန်ကျာက ချေးငွေကျပ်သိန်း၅၀နှင့် နစ်နာကြေးငွေကျပ်သိန်း ၂၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးဦးတစ်ယောက် ၄င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၀ရက် (သုဂုဏ် ခုနှစ် နတ်တော်လဆန်း ၄ရက်)မွန်းလွဲတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်ဖြင့်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရေရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကျယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအရရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေနေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နိုပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းလွင်
ဒုတိယခရိုင်တရားသူကြီး။

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
အနောက်ပိုင်းခရိုင်တရားရုံး
ဒုတိယခရိုင်တရားသူကြီး(၂)ရုံး၌
၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၁
ကွယ်လွန်သူ ခေါ်ကျင်ရန်း၏ ကျန်ရှိဆောမစူးနှင့်စပ်လျဉ်းသည့်အမှု

ခေါ်စန်းကလျာဝင်း လျှောက်ထားသူ
အမှတ်-၀၉၊ ရေကြီးလမ်း၊
မကျည်းတန်းတောင်/အရှေ့ရပ်ကွက်
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အရှေ့ရပ်ကွက်၊ ရေကြီးလမ်း၊ အမှတ်၀၉၌ နေထိုင်ခဲ့သော ကွယ်လွန်သူခေါ်ကျင်ရန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့်အထက်က ဆိုခဲ့သူ ခေါ်စန်းကလျာဝင်း(သမီးအရင်း)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင်ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခေါ်ကျင်ရန်း၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူမပယ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းဘွိ(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သောအထက်ပါရုံးချိန်းနေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊မိမိတို့က နေရာတကျအမြဲနေ့ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မွန်ပင်မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၅၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်မြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ခေါ်စန်းကလျာဝင်း၏ လျှောက်လျှောအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမွေအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၀၉ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နိုပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခေါ်ဝိုဏ်ဘော်
ဒုတိယမြို့ရိုင်ခရိုင်တရားသူကြီး(၂)
အနောက်ပိုင်းခရိုင်တရားရုံး။

အမှတ်(၄)အထက မန္တလေးမြို့
(၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

အထက(၄)ကျောင်းသူမောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာများကြီးများ ကိုယ်တိုင် ကန်တော့ခံကြွရောက်ပါရန်နှင့် ကျောင်းသူမောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားမှာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက် - ၁၁-၁၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)
နေရာ - အထက(၄)၊ နဝေးခန်းမ၊ အောင်မြေသာစံမြို့နယ်
အချိန် - နံနက် ၉နာရီ
မှတ်ချက် - ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရွှမ်းအင်းခရိုင်ဌာန၊ မြန်မာ့ရေနံတဘုဇေလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)မှ သံကန်အမှတ် ဘီ-၂၀၉အတွင်းမှ ဆီမျက်အနည်အနှစ် ၇၀၇၁.၂၄ဂါလန်အား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါနေစဉ်မြင့် လေလံတင်ရောင်းချလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါလုံစံရောင်းချမည့်ရက်** - ၉-၁၁-၂၀၀၉ရက်မှ ၁၆-၁၁-၂၀၀၉ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါလုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဘဏ္ဍာဇေ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဘဏ္ဍာဇေ လုပ်ငန်း၊ ၇(က)သန်လျက်ရွန်းလမ်း၊ ဇိုလ်တော ဆောင်မြို့နယ်၊ ရန်ကုန်မြို့၊

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊အချိန်နှင့်နေရာ** - ၁၇-၁၁-၂၀၀၉ရက် မွန်းတည့် ၁၂၀၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်** - ၁၇-၁၁-၂၀၀၉ရက် မွန်းလွဲ ၁၃း၀၀နာရီ၊

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၁၁၁၅၅၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၂
မြန်မာ့ရေနံဘဏ္ဍာဇေလုပ်ငန်း၊ နေပြည်တော်။

ကျေးပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများစုပေါင်း၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ပိုင်ရုံးရှေ့သာယာလှပရေးအတွက် မီးတိုင်များအား ပန်းအလှပ်ဖော်မှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဗိုလ်ချုပ်လမ်းဘေးဝဲယာပလက်ဖောင်းများ ပြုပြင် ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၄ရက်က အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် ဒုတိယဦးစီးမှူး(အွန်နီ) ဦးမောင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

လှိုင်းဘဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရှရှိရေးလုပ်ငန်းဆောင်ရွက်ထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်လင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ✻ VOA, BBC - ရန်တိုက်ပေးနေသည်။
- ✻ RFA, DVB - သွေးထိုးနေသည်။
- ✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
- ✻ နားမယောင်လေနဲ့ သတိထား။

အရည်အသွေးမှန်စွာ ရောင်းချပါ။ အဆင့်မြင့်ငွေချည်(၆)ဝါ

အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆) ဝါစိုက်ခင်းများကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - စက်မှု(၁)

နေပြည်တော် နိုဝင်ဘာ ၇

"လူမှာအဝတ် တောင်းမှာအကျပ်"ဟူသော မြန်မာ့ဆိုရိုးစကားရှိသည်။ မိမိကိုယ်ကို တင့်တယ်သပ်ရပ်စွာ ဝတ်စားဆင်ယင်ခြင်းဖြင့် မိမိ၏ စိတ်ဓာတ်နှင့် လူနေမှုအဆင့်အတန်းကို ဖော်ပြရာရောက်သည်။ သမိုင်းကြောင်းတစ်လျှောက် လူတို့၏အသိပညာ၊ အတတ်ပညာ၊ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ အဝတ်အထည်များ၏ အရည်အသွေး၊ အရောင်၊ အဆင်၊ ဒီဇိုင်းတို့လည်း ပြောင်းလဲတိုးတက်လာခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

➤ သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း - စက်မှု(၁) ➤ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီမဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ရေးကွက်စီးပွားရေးနနိ ပိပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဝန်ကီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

နေ့စဉ်ကြိုးခုန်လေ့ကျင့်ခန်း ပြုလုပ်ပေးပါလျှင် အဆုတ်ကျန်းမာရေးကောင်းမွန်စေနိုင်ဟုဆို

နေ့စဉ်နံနက်ပိုင်း ကြိုးခုန်လေ့ကျင့်ခြင်းသည် အဆုတ်ကျန်းမာရေးကို ကောင်းမွန်စေပြီး ကိုလက်စထရောကျဆော်စေကြောင်း ဖြိတိသျှဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻